# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဥ္စရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 3 July 2025 ၁၁၈၆၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မိမိတို့အနေဖြင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွားပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်

# ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးတွင် ဆောင်ရွက်လိုသူများကို မြေတောင်မြှောက်ပေးရမည်

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



**ယနေ့ ဖတ်စရာ**

**သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အမျိုးသမီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း** စာမျက်နှာ » ၆

**ဇရာအိုသော်လည်း မြန်မာကို ဂုဏ်ဆောင်ခဲ့သော စာရေးဆရာမကြီး မမြတ်လေး၏ စာပေကမ္ဘာ** ဆောင်းပါး စာမျက်နှာ » ၉

**တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း** စာမျက်နှာ » ၁၁

ကြေးမုံ

# အမျိုးသမီးဂုဏ်ရည်ကိုမြှင့်တင်၍ နိုင်ငံ့ဂုဏ်ရည်မြင့်မားအောင်ကြိုးပမ်း

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့သည် "မြန်မာအမျိုးသမီးများနေ့" ဖြစ်သည်။ အစဉ်အလာကြီးမားသော မြန်မာအမျိုးသမီးများ၏ ဂုဏ်အင်ကို အသိအမှတ်ပြုသောအားဖြင့် ဤနေ့ဤရက်များတွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများ၊ အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်များနှင့် မြန်မာအမျိုးသမီးတို့၏ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ယဉ်ကျေးမှုဟန်ပန်များမှာ အခြားနိုင်ငံများနှင့်မတူ တစ်မူထူးကဲသည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်များမှာ အဆင့်အတန်းမြင့်မား ချီးမွမ်းဖွယ်မကုန် ပြည့်စုံပါသည်။

ယခုနှစ် မြန်မာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်သည် "ယဉ်ကျေးဝေဆာ မေမြန်မာ၊ မျိုးဂုဏ်မပျက် ဝတ်ဆင်လျက်"ဟူ၍ဖြစ်သည်။ ကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး တင့်တယ်ရှုမောဖွယ်ဖြစ်သည့် မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုကို အထူးညွှန်းဆိုထားသည်။ မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးမှုဂုဏ်ကို ရှေးအစဉ်အဆက် ထိန်းသိမ်းထားနိုင်သောနိုင်ငံသည် မြန်မာနိုင်ငံဟုပင် ဂုဏ်ယူဝင့်ကြွားဖွယ်ဆိုရမည်ဖြစ်သည်။ ရိုးရိုးနှင့်ယဉ်ယဉ် မြန်မာနိုင်ငံထုတ် ပြည်တွင်းဖြစ် ဝတ်စားဆင်ယင်မှုများသည် မြန်မာအမျိုးသမီး အသီးသီးတို့၏ ရုပကာမရွေး တင့်တယ်လှပရှုမောဖွယ်ချည်းပင်ဖြစ်သည်။

အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုကို အထူးပြု၍ ယခုနှစ်တွင် "ယဉ်ကျေးဝေဆာ မေမြန်မာ၊ မျိုးဂုဏ်မပျက် ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ဇူလိုင်လ ၁ ရက်နေ့က မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးခဲ့သည်။ အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ တေးသီချင်းများနှင့်အတူ ဖန်တီးဆန်းသစ်ထားသောဝတ်စုံများကို ဝတ်စားဆင်ယင်ပြသခဲ့သည်။

မြန်မာအမျိုးသမီးများ၏ ကြိုးကြီးချိတ် ချိတ်ထဘီနှင့် ပိုးပဝါရင်ဖုံးအင်္ကျီတို့သည် ရှေးအစဉ်အလာကတည်းက ယခုအချိန်အထိ မရိုးနိုင်အောင် အစဉ်အမြဲဆန်းသစ်နေသည့် အဝတ်အထည်များဖြစ်သည်။ သာမန်ချိတ်ထဘီနှင့် ပိုးအင်္ကျီ ချည်အင်္ကျီလေး ဝတ်ဆင်ရုံမျှဖြင့် အဆိုပါအမျိုးသမီးမှာ အလွန်တင့်တယ်ပြီး ရိုးရိုးယဉ်ယဉ် ကျက်သရေမင်္ဂလာရှိလှသည်။ ပိုးလုံချည်၊ ချည်ပုဆိုး၊ ပိုးဖဲပဝါမျိုးစုံတို့ကို ဆန်းသစ်တီထွင်ချုပ်လုပ်ကာ ဝတ်ဆင်ကြသည့် မြန်မာအမျိုးသမီးများမှာ ပွဲနေပွဲထိုင် ပွဲဝင်အခမ်းအနားကြီးများအထိပင် အလွန်တင့်တယ် ရှုမောဖွယ်ကောင်းနေသည်။ ခေတ်မီဆန်းပြားသည့် ပြည်ပမှ အဝတ်အထည်များ မည်မျှပင်ရှိလာသည်ဖြစ်စေ မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာထုတ်ကုန် မြန်မာအဝတ်အထည်များမှာ တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိဘဲ ဆန်းသစ်ပေါ်လွင်နေသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

မြန်မာတို့သည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော လူမျိုးများဖြစ်သည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသောလူမျိုးဖြစ်သည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့်အားလျော်စွာ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားပြီး ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသောလူမျိုးဖြစ်သည်။ ထိုအထဲတွင် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာ ပိုမိုပေါ်လွင်ထင်ရှားပြီး တင့်တယ်လှပေသည်။ မြန်မာအမျိုးသမီးများသည် ပင်ကိုသဘာဝအရ အေးဆေးတည်ငြိမ်ပြီး စိတ်ထားနူးညံ့သူများဖြစ်သည့်အပြင် အရှက်အကြောက်နှင့် ဣန္ဒြေသိက္ခာကြီးမားသည်။ မြန်မာအမျိုးသမီးများကို မြန်မာအဝတ်အစားများဖြင့် ထိန်းသိမ်းကာကွယ်ပေးထားသည်။

သို့သော် ခေတ်ကာလပြောင်းလဲလာပြီး တိုးတက်ခေတ်မီမှုများ များပြားလာသည့် မျက်မှောက်ကာလတွင် တိုင်းတစ်ပါးယဉ်ကျေးမှုများ တစ်စတစ်စထိုးဖောက်ဝင်ရောက်လာသည်။ ထိုအခါ အရှက်သိက္ခာဣန္ဒြေကို ထိန်းသိမ်းပေးထားသည့် မြန်မာအမျိုးသမီးတို့၏ အစဉ်အလာမပျက် ရိုးရာယဉ်ကျေးမှု အဝတ်အထည်များကို ပစ်ပယ်လာကြသည်။ ခေတ်မီတိုးတက်သည့် နိုင်ငံများမှ ဝတ်စားဆင်ယင်မှုများကို အတုခိုးလာကြသည်။ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ စကပ်တို၊ ရင်ကွဲစသည့် မလုံမခြုံဝတ်စားဆင်ယင်မှုများ ထိုးဖောက်လာသည်။ အမျိုးသမီးတို့၏ ဂုဏ်သိက္ခာကို ပျက်ပြားစေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများကြောင့် အမျိုးသမီးတို့၏ ဂုဏ်ရည်ကျဆင်းပြီး ကိုယ်ကျင့်တရားသိက္ခာများပင် ပျက်ယွင်းစေသည့် အဖြစ်ဆိုးကို ရောက်နိုင်သည်။

သို့ဖြစ်ရာ ယခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် "ယဉ်ကျေးဝေဆာ မေမြန်မာ၊ မျိုးဂုဏ်မပျက် ဝတ်ဆင်လျက်"ဟူသည့် လှုပ်ရှားဆောင်ရွက်မှုသည် မြန်မာအမျိုးသမီးများ၏ဂုဏ်ရည်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံ့ဂုဏ်မြင့်မားတိုးတက်အောင် အမျိုးသမီးထုအား တိုက်တွန်းနှိုးဆော်ထားပါကြောင်း။ ။

## ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (တနင်္ဂနွေနေ့)

WORLD RURAL DEVELOPMENT DAY 6 JULY

"Empower Rural Community – transform our world together"

"တို့ကမ္ဘာမြေတိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့"

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၆-၆-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၇-၂-၂၀၂၅ ရက်မှ ၆-၆-၂၀၂၅ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၃၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းတစ်ဦး ပေါင်း ၄၀ အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၄၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၁ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၅၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၂-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၇-၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၇၀၀ | ၇၂ | ၄၈၂,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၃,၃၄၆ | ၁၀,၆၅၅,၆၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁ | ၇,၄၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၂,၂၂၇ | ၄,၁၂၀,၇၀၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၄၇၀ | ၁,၂၇၂,၅၀၀ |
| EFR | ၁,၅၅၀ | ၁,၇၀၀ | ၂,၉၁၈ | ၄,၈၅၉,၅၅၀ |
| AMATA | ၃,၇၀၀ | ၃,၈၅၀ | ၇၈၀ | ၂,၉၀၅,၅၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၃,၅၃၀ | ၁၀,၇၆၆,၅၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၂ | ၆,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေ
## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၀၂၂ (၆)လ (အမှန်) | ၂၀၂၂-၂၀၂၃ (အမှန်) | ၂၀၂၃-၂၀၂၄ (ရှေ့ပြေးအမှန်) | ၂၀၂၄-၂၀၂၅ (ယာယီအမှန်) | ၂၀၂၅-၂၀၂၆ (မူလခန့်မှန်းခြေ) |
|---|---|---|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၁၇,၅၈၅.၅၅၀ | ၁၂,၆၀၁.၅၇၀ | ၂၆,၇၂၅.၄၆၄ | ၂၇,၈၉၂.၉၈၅ | ၃၄,၅၅၃.၅၀၉ | ၃၈,၂၄၂.၃၁၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၂၅,၇၆၁.၀၄၄ | ၁၄,၂၀၉.၂၆၆ | ၃၀,၁၆၂.၆၄၄ | ၃၁,၈၃၀.၁၅၈ | ၃၈,၈၆၂.၃၄၇ | ၄၆,၅၉၅.၂၃၁ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၈,၁၇၅.၄၉၄ | -၁,၆၀၇.၆၉၆ | -၃,၄၃၇.၁၈၀ | -၃,၉၃၇.၁၇၃ | -၄,၃၀၈.၈၃၈ | -၈,၃၅၂.၉၂၀ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၀၈,၂၀၅.၇၂၄ | ၇၅,၀၄၄.၆၆၃ | ၁၂၅,၃၃၈.၉၅၁ | ၁၄၀,၁၉၁.၀၀၀ | ၁၆၀,၆၅၄.၈၂၇ | ၁၇၁,၄၉၈.၁၂၅ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၇.၅၆% | ၂.၁၄% | ၂.၇၄% | ၂.၈၁% | ၂.၆၈% | ၄.၈၇% |

၄

○ ရှေ့ဖုံးမှ

### စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့် အသားငါးများကို အထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းမှာ သင့်တင့်သည့် ဈေးနှုန်းတစ်ခုဖြစ်ရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမှာ လိုအပ်ချက်များရှိနေခြင်းကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရကြောင်း၊ ဆီဖူလုံရေးအမြဲ တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတစ်ခု၏ စီးပွားရေးကို GDP ဖြင့်တိုင်းတာကြကြောင်း၊ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ ဘီလီယံရှိကြောင်း၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ ဘီလီယံအထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ၅ ဒသမ ၂ ဘီလီယံခန့်တိုးတက်အောင် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့မိမိတို့အနေဖြင့် မျှော်မှန်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့ဘဏ်မှမိမိတို့နိုင်ငံ၏ စီးပွားရေးကို ယခင်က ၂ ဒသမ ၅ အထိမျှော်မှန်းထားသော်လည်း လက်ရှိအချိန်တွင် အနုတ် ၂ ဒသမ ၅ အထိကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်ကိုတွေ့ရှိရကြောင်း၊ ၎င်းတို့ တွက်ချက်သည့်စာရင်းများတွင် အချက်အလက်များ မှန်ကန်မှုမရှိခြင်းနှင့် ပြည့်စုံမှုမရှိခြင်းများရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအတွက် အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊ မည်သို့ပင် နိုင်ငံ၏ GDP ကျဆင်းမည်ဟု ၎င်းတို့အနေဖြင့် မျှော်မှန်းထားသော်လည်း နိုင်ငံအတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ပါက နိုင်ငံ၏ GDP မှာတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက GDP နည်းပါးလျက်ရှိသဖြင့် GDP တိုးတက်စေရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဘယ်လာရုစ်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025) သို့ တက်ရောက်ခဲ့ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် Agro base industries ကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံမှ ၈ ဒသမ ၂ ဘီလီယံရှိကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှ ရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်သာရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ထက်ဝက်ခန့်သာရှိပြီး ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖိုရမ်တက်ရောက်ရန်အဓိကဖြစ်သော်လည်း နိုင်ငံအတွက်အချိန်ပေး၍ ၎င်းကဏ္ဍများကိုလေ့လာခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံထက် ဧရိယာအကျယ်အဝန်းအရ သေးငယ်ခြင်း၊ လူနေထိုင်မှုအရနည်းပါးခြင်းရှိသော်လည်း GDP မှာပိုမိုမြင့်မားသည်ကို တွေ့ရကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မှု ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်၌ အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်ခုဖြစ်သည်ဟု သိရှိခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးနှင့် ပတ်သက်၍လည်း နို့စားနွားများမွေးမြူ၍ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းများ ဆောင်ရွက်၍ ပြည်ပသို့တင်ပို့သည်ကို လေ့လာသိရှိခဲ့ရကြောင်း။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia သို့ ရောက်ရှိချိန်တွင်လည်း ၎င်းတို့အနေဖြင့် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ခေတ်မီနည်းစနစ်များကိုအသုံးပြု၍ မျိုးကောင်းမျိုးသန့်များဖြင့်မွေးမြူပြီး ထွက်ရှိလာသည့် အသားများကို ပြည်ပသို့တင်ပို့လျက်ရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ၎င်းနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနည်းလမ်းများကိုအတုယူ၍ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချပြီး စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ၎င်းတို့ကဲ့သို့ အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံးဆန်ဖူလုံမှုအနေဖြင့် ၁၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဆန်ဖူလုံမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များလည်းရှိသည်ကို တွေ့ရှိရပြီး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဆိုပါက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆန်ဖူလုံမှုများရှိလာမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆန်ဖူလုံမှုမရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆန်ဖူလုံမှုတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့်ဆန်များကို ပြည်ပနိုင်ငံများသို့ အရည်သွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းများဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး လုပ်ငန်းများပိုမိုတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပင်ကြားတန်းကြားများမှန်ကန်ရန်နှင့် ကောက်ကွက်များ ပြည့်မီမှသာ စပါးပင်များ ရှင်သန်ဖြစ်ထွန်း၍ အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ အပင်ရှိမှသာ အနှံ၊ အစေ့နှင့် အသီးများရှိလာမည်ဖြစ်သဖြင့် အပင်များ စနစ်တကျရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုကြောင်း။

သီးနှံများအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်သကဲ့သို့ စိုက်ဧကများကို တိုးချဲ့ဆောင်ရွက်ပြီး သီးထပ်များစိုက်ပျိုးသွားရန်လည်းလိုကြောင်း၊ ၂၀၂၂ – ၂၀၂၃ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးမှုစုစုပေါင်းမှာ ဧက ၁၇ သန်းရှိကြောင်း၊ အသားတင်စိုက်ပျိုးမှုမှာ ဧက ၁၅ သန်းရှိပြီး သီးထပ်စိုက်ပျိုးမှုမှာ ဧက ၂ ဒသမ ၂၄ သန်း၊ သီးညှပ်စိုက်ပျိုးမှုမှာ ဧက ၂၈၀၀၀ ရှိကြောင်း၊ တစ်နှစ်လုံးတွင် စပါးတစ်သီးတည်းသာ စိုက်ပျိုးသည့် လယ်ယာမြေမှာ ဧက ၇ ဒသမ ၃၃ သန်း ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမြေများပေါ်၌ စပါး (သို့မဟုတ်) အခြားသီးနှံများကို သီးထပ်စိုက်ပျိုးသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်တွင် တစ်သီးသာစိုက်ပျိုးသည့် စိုက်ပျိုးမြေမှာ ဧက သန်း ၂၀ ခန့်ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး အပင်အရေအတွက်ပြည့်မီအောင်စနစ်တကျ စိုက်ပျိုးခြင်းမှစ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးသန့်အသုံးပြုခြင်း၊ မြေဩဇာထည့်ခြင်း၊ မြေပြုပြင်ခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေ၊ အောင်ရေများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့်လည်း မိမိတို့ ဆက်လက်တာဝန်ယူရမည့်ကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေမှလွဲ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် နီးနွယ်သည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် အားထည့်၍ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများအောင်မြင်ရေးကို မိမိတို့အစိုးရ၏ မှတ်ကျောက်အဖြစ်ကျန်ရှိအောင် ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ○

❖ **မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်၊ အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့် အသားငါးများကို အထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းမှာ သင့်တင့်သည့် ဈေးနှုန်းတစ်ခုဖြစ်ရန်လို**

❖ **မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားလျက်ရှိ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်သွားကြရန်လို**

❖ **ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမှာ လိုအပ်ချက်များရှိနေခြင်းကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရ၊ ဆီဖူလုံရေးအမြဲ တွန်းအားပေးဆောင်ရွက်သွားရန်လို**

○ စာမျက်နှာ ၃ မှ

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးကို များစွာအထောက်အကူဖြစ်စေမည်**

မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုအညွှန်းကိန်းသည် ပိုမိုမြင့်တက်လာသည်ဟု သုံးသပ်မှုများရှိခဲ့ပြီး ဆင်းရဲမွဲတေမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် အလုပ်မလုပ်နိုင်၍ ဆင်းရဲမွဲတေခြင်းဟူ၍ ဖြစ်နိုင်ခြေနှစ်ရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် မြို့ပေါ်နေသူများဖြစ်ကြောင်း၊ ယင်းတို့အနက် ၅၀ ရာခိုင်နှုန်းကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍတို့တွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ အဓိကထားလုပ်ကိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဆင်းရဲမွဲတေမှု လျှော့ချရေးတွင် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့်ပတ်သက်၍ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏နေရာတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါး စသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေရှိကြောင်း၊ မိမိတို့ဒေသအလိုက် လူဦးရေအလိုက် နေ့စဉ် အသားငါး၊ ဥအမျိုးမျိုးနှင့် အသီးအနှံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့်ကြည့်ပါကလည်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ MSME လုပ်ငန်းများကို ကြည့်မည်ဆိုပါက အများစုသည် စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်သည်ကို တွေ့မြင်ရသဖြင့် အခြားဈေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်များ၊ လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် အလုပ်လုပ်ပြီး ထုတ်လုပ်ရသည့်ထုတ်ကုန်များရှိသကဲ့သို့ သဘာဝမှ ပေးထားသည်များနှင့် ထုတ်လုပ်၍ရသည့် ထုတ်ကုန်များလည်းရှိကြောင်း၊ ဥပမာအားဖြင့် သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသည့် ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ များစွာထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ များစွာရရှိစေနိုင်မည်ဖြစ်သဖြင့် သတိချပ်စေလိုကြောင်း၊ စိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဆို ကျေးလက်ကို ဗဟိုပြု၍ ဆောင်ရွက်ကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေများပြားလာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုညွှန်းကိန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ဝါးနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်ခန့်မှစ၍ အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများလည်းပတ်ကာ အောင်မြင်မှုများရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံတကာကို ဝါစိုက်ဧက ငါးသိန်းခန့်ရှိကြောင်း၊ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဝါသီးနှံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသည့် သီးနှံတစ်ခုဖြစ်သဖြင့် အားပေးတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း။

ပြည်ပမှသွင်းကုန်များ အစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ စက်မောင်းဆီများနှင့် လျှပ်စစ်ဓာတ်အားများကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ငွေကြေးအရင်းအနှီးများလည်း ပြည့်စုံရန်လိုသကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံအတွင်း MSME လုပ်ငန်းများကို သွားရောက်အားပေးဆောင်ရွက်ခဲ့ရာတွင် လုပ်သားရှားပါးမှုနှင့်ပတ်သက်၍ တင်ပြမှုများရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၄ ခုနှစ်တွင် မိမိတို့နိုင်ငံ၌ရှိသည့် လူဦးရေအပေါ်တွင်အခြေခံသည့် အလုပ်လုပ်နိုင်သည့်သူစာရင်းအား တောင်းခံခဲ့ကြောင်း၊ အချက်အလက်များအရ အလုပ်လုပ်နိုင်သည့်သူ (အသက် ၁၅ နှစ်အထက်မှ ၆၅ နှစ်အကြား) လူဦးရေခန့်မှန်းခြေအနေဖြင့် ၃၄ ဒသမ ၈၀၆ သန်းရှိကြောင်း၊ တစ်နည်းမဟုတ်တစ်နည်းဖြင့် အလုပ်လုပ်နေသည့်သူမှာ ၁၉ ဒသမ ၁၄၁ သန်းရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းအနေဖြင့် တစ်သန်းကျော်ရှိကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေသူ ၁ ဒသမ ၄ သိန်းရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ၌ အလုပ်သမားအဖြစ် မှတ်ပုံတင်၍ အလုပ်လုပ်နေသူ ၁၇ ဒသမ ၁၃၀ သန်းရှိကြောင်း၊ လုပ်အားအင်အားများ ရှိနေသော်လည်း အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်နိုင်မည့် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်နေသေးကြောင်း၊ အလုပ်လုပ်နိုင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုပြီး နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း တင်ပြနေသည်များကို ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည့်အရင်းအနှီးများ၊ နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန် ဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်အနေဖြင့် မိမိတို့နိုင်ငံတွင် ပဋိပက္ခများကြောင့် ကုန်ထုတ်လုပ်မှုများထိခိုက်၍ အလုပ်မလုပ်နိုင်ခြင်း၊ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ရခြင်းစသည်တို့ကြောင့် GDP လျော့နည်းနိုင်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်သဘာဝဘေးအလွန် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၌ စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဦးမော့လာစေရေး အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေးသည်လည်း ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွား ပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးတွင် ဆောင်ရွက်လိုသူများကို မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အခြေအနေများ၊ သဘာဝဘေးဒဏ်ကြောင့် အရေးပေါ်ရန်ပုံငွေ သုံးစွဲခဲ့ရမှုအခြေအနေများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထောက်ပံ့ငွေများပေးအပ်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲထားရှိမှု၊ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ သုံးစွဲငွေနှင့် လက်ကျန်ငွေအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ခဲ့မှုနှင့် ထပ်မံထည့်ဝင်ခဲ့မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ပေးခဲ့မှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပို့ကုန်သွင်းကုန်ပမာဏများနှင့် ဝင်ငွေထွက်ငွေများအား လေ့လာတွေ့ရှိရမှု၊ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်ပမာဏများအား လေ့လာတွေ့ရှိရမှုများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ ရေနံထွက်ပစ္စည်းများတင်သွင်းမှု လျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်လောင်စာဆီများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိမှုနှင့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်း၏ အကျိုးကျေးဇူးများ၊ ဓာတ်မြေဩဇာများ တင်သွင်းမှုလျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ စွမ်းအင်ကဏ္ဍ တိုးတက်စေရန်အတွက် အခြေခံအချက်ကြီးများကိုလည်းကောင်း၊ စာမျက်နှာ ၅ သို့ ○

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | မူလခန့်မှန်းခြေ | ပြုပြင်ခန့်မှန်းခြေ | ယာယီအမှန် |
|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၃၁,၇၉၃.၃၃၂ | ၃၅,၈၆၃.၆၉၆ | ၃၄,၅၅၃.၅၀၉ |
| | (က) သာမန် | ၂၈,၈၇၆.၆၆၁ | ၃၃,၁၅၂.၉၇၉ | ၃၃,၂၉၆.၈၂၀ |
| | (ခ) ငွေလုံးငွေရင်း | ၄၆၁.၇၅၅ | ၄၈၀.၉၆၉ | ၁၉၃.၇၂၈ |
| | (ဂ) ကြွေးမြီ | ၂,၄၅၄.၉၁၆ | ၂,၂၂၉.၇၄၈ | ၁,၀၆၂.၉၆၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၃၉,၆၇၂.၆၂၀ | ၄၂,၂၄၃.၅၆၉ | ၃၈,၈၆၂.၃၄၇ |
| | (က) သာမန် | ၃၁,၄၄၃.၃၆၆ | ၃၂,၉၁၈.၆၁၄ | ၃၁,၀၆၄.၄၃၆ |
| | (ခ) ငွေလုံးငွေရင်း | ၅,၈၁၁.၂၅၈ | ၇,၃၅၂.၃၃၆ | ၆,၆၁၈.၄၈၂ |
| | (ဂ) ကြွေးမြီ | ၂,၄၁၇.၉၉၆ | ၁,၉၇၂.၆၁၉ | ၁,၁၇၉.၄၂၉ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၇,၈၇၉.၂၈၈ | -၆,၃၇၉.၈၇၃ | -၄,၃၀၈.၈၃၈ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၅၅,၅၄၃.၅၃၄ | ၁၅၅,၅၄၃.၅၃၄ | ၁၆၀,၆၅၄.၈၂၇ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၀၇% | ၄.၁၀% | ၂.၆၈% |

၅

- **ပြည်ပမှသွင်းကုန်များအစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေ ရှာဖွေနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်စေခြင်းဖြစ်**
- **MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်**
- **သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ စက်မောင်းဆီများနှင့် လျှပ်စစ်ဓာတ်အားများကိုလည်း ဖြည့်ဆည်းပေးရန်လို၊ ငွေကြေးအရင်းအနှီးများလည်း ပြည့်စုံရန်လိုသကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန်လိုအပ်မည်**

❍ စာမျက်နှာ ၄ မှ
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေးအတွက် ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့်သံမဏိများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဘိလပ်မြေထုတ်လုပ်သည့်စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့ဆေးဝါးများ တိုးတက်ထုတ်လုပ်လျက်ရှိမှု၊ နိုင်ငံပိုင်စက်ရုံများ၏ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းအဓိကလိုအပ်ချက်အများဆုံးရှိသည့်ဆေးများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် MSME လုပ်ငန်းများအားပေးဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အဓိကထား၍ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ ကောင်းမွန်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှိသကဲ့သို့ လက်တလောဖြေရှင်းရန်လိုအပ်သည့်

**☆ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်၊ ရေရှည်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိသကဲ့သို့ လက်တလောဖြေရှင်းရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဖြေရှင်းဆောင်ရွက်**

**☆ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်လို၊ လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်**

ကိစ္စရပ်များကိုလည်း ဖြေရှင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းဂျုံဖူလုံမှု ရှိအောင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည်လည်း နိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ပြောင်းကုန်ကြမ်းများထုတ်လုပ်၍ ပြည်တွင်း၌ ပြောင်းထွက်ကုန် ကုန်ချောများကို ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြန်မာဒူးရင်းနှင့် စိန်တလုံးသရက်ကဲ့သို့သော သီးနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများကို တစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

သုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အဓိကလိုအပ်သည့် သီးနှံများထုတ်လုပ်ရေးတွင် တိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသကြက်မွေးမြူခြင်းလုပ်ငန်းသည်လည်း ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိပြီးဖြစ်သကဲ့သို့ လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ပြည်တွင်း၌ လုံလောက်စွာရရှိနိုင်ကြောင်း၊ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန် စသည့် မွေးမြူရေးနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်၍ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များ ပိုမိုရရှိအောင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများပြုလုပ်ခြင်း၊ ဒေသအလိုက် တရားမဝင်သယံဇာတများ ထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း ဖြင့်မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဖောင်တော်ချက်မစေတီတော်ကြီး ပြန်လည်ပြုပြင်နေမှုကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂**

လယ်ဝေးမြို့နယ်အတွင်း ငလျင်ဘေးကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့ရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်များမှ ဘေးသင့်ပြည်သူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်မှ ငလျင်ဘေးပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပမှ အလှူရှင်များ အပါအဝင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငလျင်ဘေး ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများနှင့် MSME လုပ်ငန်းများကိုလည်း ပုံမှန်လည်ပတ်မှုရှိအောင် ဆောင်ရွက်



လျက်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် သဘာဝဘေးကြိုတင်အသိပေးမှုများ၊ မိုးလေဝသသတင်းများကိုလည်း စဉ်ဆက်မပြတ်ကြည့်ရှုလေ့လာရန်လိုအပ်ပါကြောင်း၊ ငလျင်ဘေးကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို နိုင်ငံတော်က ထောက်ပံ့ပေးလျက်ရှိရာ ယခုအခမ်းအနားတွင် လယ်ဝေးမြို့နယ်မှ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ငလျင်ဘေးကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်အလုံးရှစ်ရာအတွက် စုစုပေါင်းငွေကျပ် သိန်းလေးရာပေးအပ်ရာ ဘေးသင့်ပြည်သူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဘေးသင့်ပြည်သူများအား ပန်းပေါင်းစုံဘုရားများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်ကြီးသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စေတီတော်ကြီး ပြန်လည်ပြုပြင်နိုင်ရေးအတွက် မတည်လှူဒါန်းငွေကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# ဇေယျာသီရိမြို့နယ်၌ “ရွှေဆောင်” စာကြည့်တိုက်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် “ရွှေဆောင်” စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကြည်နိုင်၊ ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းရီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စာပေဖတ်ရှုနေမှုနှင့် စာအုပ်စာစောင်များထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူးအား စာကြည့်တိုက်ဆိုင်ရာအချက်အလက်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြစန်းရီနှင့် တာဝန်ရှိသူများက နေပြည်တော်စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် စာအုပ်စာစောင်များကို သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

## သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၉၄ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကား ပြန့်ပွားစေရန်အလို့ငှာ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါအမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်စုညွန့်ဦး | ဥတ္တရသီရိမြို့နယ် | နေပြည်တော် |
| ၂။ | ဒေါ်ခင်ဝင်းရီ | ဇမ္ဗူသီရိမြို့နယ် | နေပြည်တော် |
| ၃။ | ဒေါ်သီတာလွင် | ဇေယျာသီရိမြို့နယ် | နေပြည်တော် |
| ၄။ | ဒေါ်ခင်လေးမြင့် | သင်္ဃန်းကျွန်းမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ခင်ခင်မင်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၆။ | ဒေါက်တာနန္ဒာမွန်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၇။ | ဒေါ်ကြူကြူစိုး | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၉၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအား အောက်ဖော်ပြပါ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**
**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | စောမြရာဇာလင်း | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ |
| ၂။ | နော်ကပေါ်ထူး | ဒုတိယဥက္ကဋ္ဌ | ကရင်အမျိုးသားအစည်းအရုံး၊ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| ၃။ | ဒေါက်တာဒေါ်ပို | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်ရီ | မြို့နယ်ပညာရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်နီလာဝင်း | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စုလတ်ဖြူ | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ငြိမ်းငြိမ်းအိ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်ခင်မိုးသန်း | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်သန်းညွန့် | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်သန်းသန်းနွဲ့ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်နန်းလှဝင်း | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ရီရီထွေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ဇင်ဝေလွင် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁။ | မ-၆၅၃၆ | တပ်ကြပ်ကြီး/ သားဖွား ဟန်နီပြည့်ပြည့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်သက်ဟေမာမြတ် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သင်းသင်းအေး | အငယ်တန်းစာရေး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၄။ | လ၂၇၀၁၅၅ | ရဲဒုတိယတပ်ကြပ်လက်ချ်မီး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | အ-၁၂၆၉၀၅ | အကူသူနာပြု ဒေါ်သီရိဌေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | အ-၁၄၁၈၄၀ | တပ်သား/ရိပ်သာ (အစားခန့်) ဒေါ်သူဇာဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်တင်ဇာမိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်နှင်းနှင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ဝင့်ဝါစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်ငြိမ်းငြိမ်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်ဇင်မွန်ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါ်စိမ်းဝင့်ဝါမင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်မြယွန်းမှီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်မြတ်နိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်ထူးမွန်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်စန်းစန်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်မေသူဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဒေါ်နန်းကေသီအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဒေါ်ညိုထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ကိုင်ထန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါ်သန္တာလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်အေးအေးသူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်မြင့်မြင့်ဌေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ခေါင်နန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်သန္တာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်သင်းသီတာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ဌေးဌေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | ဒေါ်ထားထားနွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါ်ဝိုင်းစိန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်မနန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်အိဖြိုးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်စွဲစလီညာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မိုးမိုးဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်မိုးမိုးအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဒေါ်ခင်စန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ချစ်စုလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်မေဇင်ရှိုင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အိအိသိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဒေါ်ချစ်စုဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဒေါ်ဇာခြည်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်စိန်ကြည်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဒေါ်ပန်းအိဖြူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဒေါ်တင်တင်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဒေါ်ထွန်းနန္ဒာလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်ခင်စန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒေါ်ခိုင်သဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒေါ်လှလှထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒေါ်ချယ်ရီမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်အိဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်သိင်္ဂီထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်ဘင်သရာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်ညိုဝင်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၆၃။ | ဒေါ်သီတာယုမွန် | | မန္တလေးတိုင်းဒေသကြီး |
| ၆၄။ | ဒေါ်နှင်းသီတာ | | ရန်ကုန်တိုင်းဒေသကြီး |
| ၆၅။ | ဒေါ်လီလီနိုင်စိုး(ခ) လီလီနိုင်ကျော် | | အနုပညာရှင် |

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်

### ရဲကျော်စွာတံဆိပ်

| | | |
|---|---|---|
| ၁။ ရဲအုပ် | နှင်းဝေငြိမ်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲအုပ် | သင်းစုဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

### စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါက်တာခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

### စီမံထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ပါမောက္ခ ဒေါက်တာနုနုမေ | ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ ဒေါ်စန္ဒာမြင့် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃။ ဒေါ်မှုံရွှေရည် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ ဒေါက်တာလှလှဌေး | ဒုတိယဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ဒေါက်တာရွှေစင်လှိုင် | ညွှန်ကြားရေးမှူး(ခေတ်ခွဲ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်လင်းလင်းမာ | ဒုတိယညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇။ ဒေါက်တာအေးသူအောင် | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ ဒေါက်တာအိအိခင် | ခရိုင်ကုသရေးဦးစီးဌာနမှူး/ ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ ဒေါက်တာကြူကြူနိုင် | အထူးကုဆရာဝန်ကြီး (ခေတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ဒေါ်နန်းအိသန္တာချော | မြို့နယ်တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၁၁။ဒေါ်ဇင်မင်းခိုင် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ဒေါ်နွယ်နွယ်ဦး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃။ဒေါ်စောခင်ခင်ချို | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၄။ဒေါ်ဖွားမြိုင် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅။ဒေါ်ခင်စောယုမော် | | မန္တလေးတိုင်းဒေသကြီး |

### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ချယ်ရီသက် | အားကစားမှူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂။ ဒေါ်မာစီ | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃။ ဒေါ်ခင်မင်းဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄။ ဒေါ်ဖြူဖြူသင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၅။ ဒေါ်မြင့်မြင့်စိန် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်ဇာဇာဝင်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ ဒေါ်အိအိဖြိုး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈။ ဒေါ်စိုးမြတ်သူဇာ | | အနုပညာရှင် |
| ၉။ ဒေါ်မေသဥ္စာဦး(ခ) ဒေါ်သူဇာထွေး | | အနုပညာရှင် |

### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါက်တာတင်ချိုချိုကို | ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ ဒေါ်ထက်ထက်အေး | လက်ထောက် ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃။ ဒေါ်နှင်းဝေဝေလွင် | အထက်တန်းပြ(ကာ/ယ) | ပညာရေးဝန်ကြီးဌာန |
| ၄။ လ၂၇၄၄၅၇ | ရဲတပ်ကြပ်ကြီး မေဟန်နီအောင်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်သိင်္ဂီရဲထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အလုပ်သမားဝန်ကြီးဌာန |
| ၂။ ပါမောက္ခ ဒေါက်တာသန္တာဝင်းနွယ် | ပါမောက္ခ/ ဌာနမှူး (အရေးပေါ်ကုသမှုဆေးပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ ပါမောက္ခ ဒေါက်တာသင်းသင်းဝင်း | ပါမောက္ခ (အရေးပေါ်ဆေးပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ ပါမောက္ခ ဒေါက်တာမိုးနွယ် | ပါမောက္ခ (သားဖွားမီးယပ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ပါမောက္ခ ဒေါက်တာချိုချိုဝင်း | ပါမောက္ခ(ကလေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်အေးအေးမော် | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇။ ဒေါ်နှင်းသန္တာအောင် | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ ဒေါ်နော်ချောစု | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၉။ ဒေါ်စောရွှေ | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ဒေါ်သိန်းသိန်းဦး | တိုင်းဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ဒေါ်နီနီခိုင် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ဒေါ်နန့်အေးအေးနွယ် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ဒေါက်တာ ခင်ထက်ထက်ထွန်း | အထူးကုဆရာဝန် (မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ဒေါ်သိင်္ဂီအောင် | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ဒေါ်ခင်မျိုးသန့် | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၆။ဒေါ်သဇင်ထွန်း | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၇။ဒေါ်သိန်းသန်းရီ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၈။ဒေါ်ခင်မာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၉။ဒေါ်မိုးမိုးစံ | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၀။ဒေါ်မာမာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၁။ဒေါ်သူဇာနွယ် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၂။ဒေါ်တိုးတိုးသန်း | ကျန်းမာရေးမှူး(၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၃။ဒေါ်ခိုင်နွဲ့ဇော် | အကြီးတန်းစာရေး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၄။ဒေါ်ဇင်မို့မို့ကျော် | အထက်တန်းသူနာပြု | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၅။ဒေါ်ယွန်းသီရိထွန်း | အကြီးတန်းစာရေး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၂၆။ဒေါ်ဌေးဌေးမြင့် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ဒေါ်ဆွေဆွေမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ဒေါ်မြမြမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၉။ဒေါ်စန္ဒာစိန် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၀။ဒေါ်ရွှေစင်ဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၁။ဒေါ်ကျော့ကျော့ဆွေ | စက်မှုကျွမ်းကျင်(၄) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃၂။ဒေါ်ဌေးနုဝါ | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၃။ဒေါ်မူမူဝင်း | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ဒေါ်နွယ်နွယ်စိုး | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ဒေါ်အေးအေးမော် | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ဒေါ်ဖြိုးဖြိုးမြတ် | သန့်ရှင်းရေးအကူ | ပညာရေးဝန်ကြီးဌာန |
| ၃၇။ဒေါ်သင်းသင်းကျော် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း |
| ၃၈။ဒေါ်ဖြူဖြူမြင့် | သွေးအလှူရှင် | နေပြည်တော် |
| ၃၉။ဒေါ်ဝင်းဌေး | ရပ်ကွက်အုပ်ချုပ်ရေးမှူး | တနင်္သာရီတိုင်းဒေသကြီး |
| ၄၀။ဒေါ်သိမ့်သိမ့်လွင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | ပဲခူးတိုင်းဒေသကြီး |
| ၄၁။ဒေါ်သန်းရှိန် | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | မကွေးတိုင်းဒေသကြီး |
| ၄၂။ဒေါ်စုစုဟန် | ရာအိမ်မှူး | မကွေးတိုင်းဒေသကြီး |
| ၄၃။ဒေါ်ဖြိုးသန္တာအောင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| ၄၄။ဒေါ်ညွှန့်ညွှန့်ဆွေ | ရာအိမ်မှူး | မန္တလေးတိုင်းဒေသကြီး |

## စီးပွားထူးချွန်တံဆိပ်များ

### လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်အယ်ဗလင်း | ဦးစီးအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ဖူးငုံဝေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂။ ဒေါက်တာမြတ်သီတာမြင့် | ဥက္ကဋ္ဌ | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |
| ၃။ ဒေါက်တာတိုးနန္ဒာတင် | အကြီးတန်းဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် |
| ၄။ ဒေါ်ကြွေကြွေဇင် | အကြံပေး | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |

## ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ

### အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | |
|---|---|
| ၁။ ဒေါ်ဆွေဇင်ထိုက် | အနုပညာရှင် |

### စာပေပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | |
|---|---|
| ၁။ ဒေါ်မြမြသန်း (ခ) မနှင်းဖွေး | စာပေပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဇေယျဌာနီ လမ်းတစ်ဖက်ရှိ လျှိုပိတ်ဆည်ဘေးမြေကွက်လပ်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သရက်ပင်၊ ခရေပင်နှင့် မဟော်ဂနီပင် စုစုပေါင်း ၂၄၂ ပင်ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက အရာထမ်း၊ အမှုထမ်း များ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီကကြီးမှူး၍ သစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိ ရပ်ကွက် ကစ္စပနဒီလမ်းနှင့် တော်ဝင်ရတနာလမ်းကြား၊ သစ်ခွ လမ်းတွင် ကျင်းပသည်။



သစ်ပင်စိုက်ပွဲသို့ မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ နိုင်ငံတော်အဆင့် မဟာ ဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင် ကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ပြည်ထောင်စု နယ်မြေ နေပြည်တော် အမျိုးသမီး ကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာ နိုင်ငံအမျိုးသမီးများနှင့် ကလေး သူငယ်များ ဘဝမြှင့်တင်ရေး အသင်း၊ မြန်မာအမျိုးသမီးစီးပွား ရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သတ်မှတ်နေရာများတွင် ခရေ ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး ကြပြီး အခမ်းအနားတက်ရောက် လာသူများက သတ်မှတ်နေရာ အသီးသီးတွင် ပိတောက်၊ မဟော် ဂနီ၊ ပျဉ်းမ၊ ခရေ၊ ရေတမာ၊ သင်းဝင် နှင့် ဆီသပြေ စသည့် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများက သစ်ပင်စိုက်ပျိုးမှု ကို လှည့်လည်ကြည့်ရှုအားပေး ကြသည်။ မြန်မာအမျိုးသမီးများ နေ့ အထိမ်းအမှတ်အကြိုလှုပ်ရှား မှု သစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ရှည် ပင် ၁၅၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဟုမ္မလင်း ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် မြန်မာအမျိုးသမီးများ နေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ဟုမ္မလင်းခရိုင်စုပေါင်းရုံးဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဟုမ္မလင်းမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်ဖိုး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးတို့က တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်ခဲ့ပြီး သတ်မှတ်နေရာများတွင် ပျိုးပင် ၄၀၀ စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မုံရွာ ဇူလိုင် ၂**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း ပညာရေးတက္ကသိုလ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခ ချုပ်၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပိတောက် ပျိုးပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက မဟော်ဂနီပျိုးပင်ကိုလည်းကောင်း၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသ ကြီး/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ် နေရာများတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုး ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်း နှစ်ပေနှင့် အထက် နှစ်နှစ်သားအရွယ်ရှိ သစ်မျိုး ရှစ်မျိုး၊ စုစုပေါင်းပျိုးပင် ၇၅၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အောင်လံမြို့၌ ငလျင်ဘေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**အောင်လံ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပြုလုပ်သော ငလျင်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အောင်လံမြို့ အထက(၁) ရွှေရတုခန်းမ၌ ကျင်းပ သည်။

ဦးစွာ အောင်လံခရိုင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က အမှာ စကား ပြောကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြထွေးက ငလျင်ဘေး အန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန် အချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက် လာသော ကျောင်းသား ကျောင်းသူများက ငလျင်ဘေး ဖြစ်ပွားချိန်တွင် ဆောင်ရွက်ရမည့် ဝပ်၊ ကာ၊ ကိုင် နည်းလမ်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြ ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# ဇရာအိုသော်လည်း မြန်မာကို ဂုဏ်ဆောင်ခဲ့သော စာရေးဆရာမကြီး မမြတ်လေး၏ စာပေကမ္ဘာ

အသက်ခြောက်လသာကွာသော ဖေဖေနှင့် မေမေတို့၏ ၁၁၁ နှစ်ပြည့်မွေးနေ့အမီ အသက် ၁၀၀ ပြည့်မွေးနေ့တုန်းကကဲ့သို့ ဘုရားစာအုပ် ဓမ္မဒါနလှူချင်မိသည်။ စီစဉ်မှုနှောင့်နှေးသွားပြီး ၂၀၂၅ ခုနှစ် မတ်လက ဖေဖေ့မွေးနေ့မမီလိုက်၍ ယခု စက်တင်ဘာလတွင် မေမေ့မွေးနေ့အမီ တော့ရေးမည်ဟု စိတ်ကူးရှိခဲ့သည်ကို အကောင် အထည်ဖော်ရန် ကြိုးစားရပါသည်။

ရှိခဲ့ပါလျှင် လာမည့် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် စာရေးဆရာမကြီး မမြတ်လေး (ဒေါ်သိန်းဆိုင်)၏ အသက် ၁၁၁ နှစ်ပြည့်ပြီဖြစ်ပါသည်။ ၉၂ နှစ်အရွယ်အထိသာ အသက်ရှိနေနိုင်ခဲ့သော သူ၏အတွေး၊ သူ၏အရေး၊ သူ၏လမ်းညွှန်မှုများသည် ခေတ်နှင့်အညီ တစ်ပြေးတည်းရှိနေဆဲပါ။

၁၉၆၂ ခုနှစ်တွင် ကင်းထောက်ဗဟိုကောင်စီဝင် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသော အမျိုးသမီး ကင်းထောက်မင်းကြီးလည်း ဖြစ်ပါသည်။

လူငယ်များကို စာကြိုးစားသင်ချင်စိတ်ရှိစေရန် အားပေးသကဲ့သို့ အသက်ကြီးပြီး ပညာလည်း တတ်ပြီးဖြစ်သည်မို့ ဆက်လက်၍ စာသင်ယူရန် အရွယ်မဟုတ်တော့ဟု ယူဆကြသူများကိုလည်း life long learning (အသက်ရှင်နေသရွေ့ ပညာရှာ) ဆိုသည့်အသိတရားကို ကိုယ်တိုင်လက်တွေ့ပြ၊ အကောင်အထည်ဖော်ခြင်းဖြင့် အသက် ၉၁ နှစ်တွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရန်ကုန်မှ ဘွဲ့နှစ်ခုကို ထပ်မံယူခဲ့ခြင်းဖြင့် အမျိုးသမီးထုအတွက်ပါ ရှေ့ဆောင်လမ်းပြခဲ့ပါသည်။

တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်ဟူသော စကားကို သက်သေပြခဲ့ပါသည်။

ထို့ကြောင့် ကျောင်းစာပေ ပညာသင်ကြားခြင်းကို နောက်ဆုံးအချိန်အထိ သားသမီးမြေးများနှင့်အတူ သစ်ပုပ်ပင်ကြီးရှိရာ ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် (ရန်ကုန်)၌ ကိုယ်တိုင်တက်ရောက် သင်ယူခြင်းပြုရာ သူ၏အသက်ကို ပညာနှင့် အမှန်တကယ်ပင်ဆက်ခဲ့ခြင်းဖြစ်ပါသည်။

**စာပေသည် သူ၏အသက်**

နောက်ဆုံးအချိန်အထိ ကလောင်ကိုကိုင်သွား



ဗဟိုတရားရုံးရှေ့နေ မမြတ်လေး။

မည်ဟု ဆန္ဒရှိခဲ့သူ၊ စာပေကိုချစ်မြတ်နိုးသူ၊ ၉၂ နှစ်အရွယ်ရှိ စာရေးဆရာမကြီး မမြတ်လေးသည် မကွယ်လွန်မီလပိုင်းဖြစ်သော ၂၀၀၆ ခုနှစ် ဧပြီလထုတ် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေမဂ္ဂဇင်းအတွက် **"ကျွန်တော် မဖြေရှင်းနိုင်သော်လည်း"** ဝတ္ထုကို ရေးသားခဲ့ခြင်းဖြင့် အမှန်တကယ်ပင် နောက်ဆုံး အချိန်အထိ ကလောင်ကိုကိုင်ခဲ့ပါသည်။

ကျောင်းနေစဉ် အထက်တန်းကျောင်းသူဘဝ မှစတင်ကာ ကျောင်းနံရံကပ်စာစောင်များတွင် စာပေများရေးသားခဲ့ကာ တစ်ဆင့်ပြီးတစ်ဆင့် ကလောင်သွေးခဲ့ပြီး ၁၉၄၈ ခုနှစ် လွတ်လပ်ရေး အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် **"အုတ်မြစ်"** ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ်ဆု ရရှိခဲ့သူဖြစ်ပါသည်။

နိုင်ငံတော်က ပညာရေးကိုအားပေးသော၊ စာပေကိုတန်ဖိုးထားသော ယခုကာလတွင် မိမိတို့ နိုင်ငံမှ လူငယ်များနှင့် စာရေးဆရာမကြီးမမြတ်လေး တို့ခေတ်ကာလ အလှမ်းကွာဝေးသဖြင့် မသိ၊ မကြား၊ မဖတ်ဖူးသူများအတွက် ဗဟုသုတအဖြစ် ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

- တစ်ချိန်က လွတ်လပ်ရေးအတွက် ခင်ပွန်းသည် တော်လှန်ရေးတပ်သားကောင်း ဗိုလ်တင်ဖေနှင့်အတူ မောင်တစ်ထမ်း၊ မယ်တစ်ရွက် တိုင်းပြည်လွတ်လပ်ရေးမရမီ လွတ်လပ်ရေးရရန် ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန်အတွက် ကလောင်တိုက်ပွဲဝင်ခဲ့သည်။
- ၁၉၄၅ ခုနှစ်တွင် မိမိမွေးဖွားရာဇာတိအား ဂုဏ်ပြုသောအားဖြင့် ပဲခူးအမည်ပါသော ပဲခူးသိန်းသိန်း ကလောင်အမည်ဖြင့် တိုးတက်ရေးဂျာနယ်တွင် ဆောင်းပါးစတင်ရေးခဲ့သည်။
- အသက် ၂၀ ကျော်မှစ၍ မဂ္ဂဇင်းများတွင် ပဲခူးသိန်းသိန်းအမည်ဖြင့် ဝတ္ထုဆောင်းပါးများ ရေးသားခဲ့သည်။
- တိုးတက်ရေးဂျာနယ်၊ ဒဂုန်မဂ္ဂဇင်းနှင့် နဂါးနီဂျာနယ်များတွင် ပင်တိုင်ဆောင်းပါးများ ရေးသားခဲ့သည်။
- ၁၉၄၆ ခုနှစ်တွင် အရှေ့တိုင်းမဂ္ဂဇင်း ဝတ္ထုပြိုင်ပွဲ၌ **"မမြတ်လေး"** ကလောင်အမည်ဖြင့် ဝတ္ထုတိုပြိုင်ပွဲဝင်ခဲ့ရာ ထိုစဉ်မှစ၍ မမြတ်လေးကလောင်အမည်ကို အသုံးပြုခဲ့ခြင်းဖြစ်သည်။



ခင်မြတ်လေး

- မြတ်လေးပန်းသည် အလွန်ရိုးသားပြီး မွှေးရနံ့သင်းသည်ကို နှစ်သက်ခြင်းကြောင့် ကလောင်အမည်ကို မမြတ်လေးဟု သုံးစွဲခဲ့ခြင်းဖြစ်သည်။
- လွတ်လပ်ရေးရပြီး တိုင်းပြည်အတွက် အကျိုးပြုစာပေများ၊ ဗဟုသုတဆောင်းပါးများ၊ ဝတ္ထုတို ဝတ္ထုရှည်များကို ငွေတာရီ မဂ္ဂဇင်းနှင့် မြဝတီမဂ္ဂဇင်းတို့တွင် ရေးသားခဲ့သည်။

> လူငယ်များကို စာကြိုးစားသင်ချင်စိတ်ရှိစေရန် အားပေးသကဲ့သို့ အသက်ကြီးပြီး ပညာလည်းတတ်ပြီးဖြစ်သည်မို့ ဆက်လက်၍ စာသင်ယူရန်အရွယ်မဟုတ်တော့ဟု ယူဆကြသူများကိုလည်း life long learning (အသက် ရှင်နေသရွေ့ ပညာရှာ) ဆိုသည့် အသိတရားကို ကိုယ်တိုင်လက်တွေ့ပြ၊ အကောင်အထည်ဖော်ခြင်းဖြင့် အသက် ၉၁ နှစ်တွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရန်ကုန်မှ ဘွဲ့နှစ်ခုကို ထပ်မံယူခဲ့ခြင်းဖြင့် အမျိုးသမီးထုအတွက်ပါ ရှေ့ဆောင်လမ်းပြခဲ့

- အထက်တန်းပြဆရာမဘဝဖြင့် ရေကျော် အစိုးရအထက်တန်းကျောင်းနှင့် တာမွေ အစိုးရအထက်တန်းကျောင်းတို့တွင် နိုင်ငံ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ခဲ့သည်။
- ၁၉၄၈ ခုနှစ် လွတ်လပ်ရေးဝတ္ထုတို ရွှေတံဆိပ်ဆုရှင်။
- ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်။
- ၂၀၀၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အတွက် ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများကို ရေးသားသူ၊ ဘွဲ့လွန်ပညာရပ်များကို ဆည်းပူးသူ အသက်အရွယ်အကြီးဆုံး အမျိုးသမီးဆုရှင်။
- ၂၀၀၄ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန် ပထမဆင့်ရရှိသူ။
- သက်ကြီးကန်တော့ခံ စာပေပညာရှင်။
- သက်ကြီးကန်တော့ခံ တရားရုံးချုပ်ရှေ့နေကြီး ဥပဒေပညာရှင်။

စာမျက်နှာ ၁၀ သို့ ❋



သမီးဖြစ်သူ ဒေါ်ခင်စောဥမ္မာနှင့်အတူ ကျောင်းသူအသွင် မမြတ်လေး။




ပါမောက္ခချုပ်ဒေါက်တာစိုးရင်ထံမှ အသက် ၉၀ တွင် အသုံးချစိတ်ပညာဘွဲ့လွန် ဒီပလိုမာဘွဲ့ ယူနေသော စာရေးဆရာမကြီး မမြတ်လေး။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၅)ရက် ( စနေနေ့ )



International Day of Cooperatives

5th July 2025

International Co-operative Alliance

“Cooperatives Driving Inclusive and Sustainable Solutions for a Better World”

“သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကိုတည်ဆောက်ကြပါစို့”

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြအဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်

ပုသိမ် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြအဆင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုသင်တန်းသို့ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချလိုက်သည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပြီး ကျင်းပမည့် ရွေးကောက်ပွဲတွင် MEVM မဲပေးစက်များ ကိုင်တွယ်အသုံးပြုမည့် မဲရုံဝန်ထမ်းများအား ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချရမည် ဖြစ်သည့်အတွက် စနစ်တကျ သေသေချာချာ အလေးအနက်ထား လေ့လာသင်ယူမှတ်သားကြရန် လိုပါကြောင်းနှင့် မဲပေးစက်များ ကိုင်တွယ်အသုံးပြုမည့် မဲရုံဝန်ထမ်းများကို ဆင့်ပွားပြန်လည် သင်ကြားပြသပေးရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံအသီးသီးမှ မဲပေးစက်ကိုင်တွယ်မည့်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် ပြန်လည်သင်ကြားပို့ချနိုင်ရန် အလေးအနက်ထားသင်ယူကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက ဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ငန်းလက်စွဲများ ပြင်ဆင်ခြင်း၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူး၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးစက်အသုံးပြု၍ မဲပေးခြင်း၊ မဲပေးစက်တပ်ဆင်နေရာ ချထားခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်း၊ မဲပေးစက်မှ မဲရလဒ်များထုတ်ယူရေတွက်ခြင်း၊ မဲပေးစက်ကို ထုပ်ပိုးသိမ်းဆည်းခြင်းနှင့် မဲပေးစက်၏ လုံခြုံစိတ်ချရမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများသည် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းရေး ဆောင်ရွက်ထားမှုများ ကွင်းဆင်းကြပ်မတ်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် တောင်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် ဇွန်လအတွက် မီတာဖတ်ရှုနေမှုများနှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးဆောင်ရွက်ထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိစဉ် ဖီဒါမီတာများအလိုက် မီတာဖတ်ရှုထားမှုများ၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မီတာဖတ်ချက်ယူနစ်များ မှန်ကန်မှုရှိစေရေး၊ ဓာတ်အားခကောက်ခံနှုန်းထားများ မှန်ကန်မှုရှိစေရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှု လျှော့နည်းပပျောက်စေရေး၊ ရပ်/ပျက်/နှေးဖြစ်ပေါ်နေသည့် မီတာများအားအမြန်စစ်ဆေးလဲလှယ်ရေးတို့ကို အသေးစိတ်မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဖ ဒသမ ဖ ကေဗွီ သုမင်္ဂလာ GIS ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါအလိုက်မီတာဖတ်ရှုထားမှု၊ ဓာတ်အားဖြန့်ဖြူးထားမှု၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်



# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချို့ယွင်းမှု(သို့မဟုတ်) ရုတ်တရက်ရာသီဥတုဆိုးရွားမှုကြောင့် ဆက်သွယ်မှုပြတ်တောက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ ညပိုင်း၌ ညအချိန်ခရီးဝေး လေ့ကျင့်ပျံသန်းဆောင်ရွက်စဉ် နေပြည်တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၃၀ အကွာ၌ ရုတ်တရက် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်၍ ဆက်သွယ်မှုပြတ်တောက်လျက်ရှိသည်။

တာဝန်ရှိသူများ၏ ပဏာမစစ်ဆေးချက်အရ စက်ချို့ယွင်းမှု(သို့မဟုတ်) ရုတ်တရက်ရာသီဥတုဆိုးရွားမှုများကြောင့် ဖြစ်နိုင်ကြောင်း သိရှိရပြီး ဆက်သွယ်မှု ပြတ်တောက်ရာနေရာတစ်ဝိုက်သို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်နိုင်ရေး ရာသီဥတု ဆိုးရွားလျက်ရှိသော်လည်း သက်ဆိုင်ရာမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❈ စာမျက်နှာ ၉ မှ

- မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အတွက် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ရန် **“ထာဝရချစ်ခြင်းတရားကို ပိုင်ဆိုင်ထားသောချစ်သူများ”** အမည်ရှိ အမျိုးသမီးများ သားဆက်ခြားကျန်းမာရေးပညာပေးဝတ္ထုကို ရေးသားလှူဒါန်းပေးခဲ့သည်။
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် မြန်မာ့ရုပ်မြင်သံကြားမှ အမျိုးသမီးများနေ့ ဂုဏ်ပြုထုတ်လွှင့်ရန် **“အမေဆိုတာ တစ်ခါတုံးက သမီးပါပဲ”** အမည်ရှိ လူမှုရေးပညာပေးဝတ္ထုကိုရေးသားလှူဒါန်းပေးခဲ့သည်။
- မြတ်လေးမဂ္ဂဇင်းကို တည်ထောင်ထုတ်ဝေခဲ့သည်။
- မမြတ်လေး ပညာရည်ချွန်ဆု၊ မမြတ်လေး အခြေခံအုတ်မြစ်ဆု၊ မမြတ်လေး အခြေခံအုတ်မြစ်အထူးဆု၊ မမြတ်လေး အခြေခံအုတ်မြစ်အားကစားဆုတို့အတွက် ငွေပဒေသာပင်စိုက်ထူခဲ့သူအဖြစ် အမျိုးသမီးထုအတွက် ဂုဏ်ဆောင်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးနောက် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ BA, DT, BL ဘွဲ့များကို ရယူခဲ့ပြီး ကျောင်းဆရာမအဖြစ် ရပ်တည်ခဲ့ကာ နိုင်ငံ့ဝန်ကို ထမ်းခဲ့ပါသည်။ ခင်ပွန်းသည် အငြိမ်းစားယူပြီးသောအခါ မိသားစုစားဝတ်နေရေးအတွက် ဗဟိုတရားရုံးရှေ့နေအဖြစ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ ။

❛ နောက်ဆုံးအချိန်အထိ ကလောင်ကိုကိုင်သွားမည်ဟု ဆန္ဒရှိခဲ့သူ၊ စာပေကို ချစ်မြတ်နိုးသူ၊ ၉၂ နှစ်အရွယ်ရှိ စာရေးဆရာမကြီး မမြတ်လေးသည် မကွယ်လွန်မီလပိုင်းဖြစ်သော ၂၀၀၆ ခုနှစ် ဧပြီလထုတ် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေမဂ္ဂဇင်းအတွက် “ကျွန်တော်မဖြေရှင်းနိုင်သော်လည်း” ဝတ္ထုကို ရေးသားခဲ့ခြင်းဖြင့် အမှန်တကယ်ပင် နောက်ဆုံးအချိန်အထိ ကလောင်ကိုကိုင်ခဲ့ ❜

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀ အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျောင်းပြင်ပ ပညာရေးကဏ္ဍလုပ်ငန်းများ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၂**

ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျောင်းပြင်ပ ပညာရေးကဏ္ဍလုပ်ငန်းများဖြစ်သည့် စဉ်ဆက်ပညာရေးလုပ်ငန်း အသိပညာပေးခြင်းဆိုင်ရာ ရက်တိုသင်တန်းနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စာသင်ဝိုင်းများကို သတ်မှတ်ရက်များအတွင်း သင်ကြားနိုင်ရေး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့်မှ တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကလေးများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ခွင့်ဆုံးရှုံးခဲ့ရသည့်အတွက် ဒုတိယအကြိမ် အခွင့်အရေး(Second Chance)အနေဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်၍ တာဝန်ရှိသူများ၊



အုပ်ထိန်းသူများ၊ ဆရာ ဆရာမများက ပူးပေါင်းပြီး ကလေးများ၏ အခွင့်အရေးမဆုံးရှုံးရအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်တွင် ကျောင်းပြင်ပ ပညာရေးအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းကျောင်းသားဦးရေ ၂၁၀၊ ကျောင်းပြင်ပ အလယ်တန်း ကျောင်းသားဦးရေ ၂၅ ဦးတွေ့ရှိရကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်း ကျောင်းသား ၃၂၀၊ ကျောင်းပြင်ပ အလယ်တန်းကျောင်းသား ၁၁၇ ဦး ရှိကြောင်းသိရပြီး ယခုရှမ်းပြည်နယ်အတွင်း ဆောင်ရွက်မည့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများသည် ရှမ်းပြည်နယ်အစိုးရ၏ ပံ့ပိုးဆောင်ရွက်မှုဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပ ပညာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက စဉ်ဆက်ပညာရေးစာစဉ်နှင့် သင်နည်းလမ်းညွှန်များကို ပေးအပ်ရာ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပ ပညာရေးစာအုပ်များကို ပေးအပ်ရာ ရှမ်းပြည်နယ် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးကလည်းကောင်း လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ထားဝယ်မြို့၌ မူလတန်းအဆင့် ကျောင်းပြင်ပ ပညာရေးသင်ကြားမှု စတင်ဖွင့်လှစ်

**ထားဝယ် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးနည်းလမ်းဖြင့် သင်ကြားခွင့် မရရှိခဲ့သူများ၊ ကျောင်းမနေခဲ့ရသူများကို ကျောင်းပြင်ပ ပညာရေးနည်းလမ်းဖြင့် သင်ကြားပေးနိုင်ရေးအတွက် မူလတန်းအဆင့် ကျောင်းပြင်ပ ပညာရေးသင်ကြားမှုအစီအစဉ်ကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ညနေပိုင်းတွင် စတင်ဖွင့်လှစ်သည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား နွေးထွေးပျူငှာစွာ လိုက်လံနှုတ်ဆက်ပြီး ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**သင်ကြားပေးသွားမည်**

မူလတန်းအဆင့် ကျောင်းပြင်ပ ပညာရေးသင်ကြားမှုအစီအစဉ်၌ ယနေ့တွင်လာရောက်ပညာသင်ကြားသူ ၁၂၂ ဦးကျော်ရှိပြီး ဆရာ ဆရာမများက တစ်ပတ်လျှင် ခြောက်ရက်(တနင်္ဂနွေမပါ) ညနေ ၃ နာရီမှ ၅ နာရီခွဲအထိ ရက်ပေါင်း ၂၂၀ ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒဂုံတက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး အမှတ်(၄၁) မူးယစ်တပ်ဖွဲ့စု ရန်ကုန်(အရှေ့)မှ အမှတ်(၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး မင်းမင်းထက်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်ကျော်စွာမြင့်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပြီး အခမ်းအနား တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**



**❖ ကျောဖုံးမှ**

ဒေါ့မွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းကတော့ ၁၆ သင်းအဆင့်မှာ မွန်တာရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒေါ့မွန်အသင်းနဲ့ မွန်တာရေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၆ သင်းအဆင့်ပွဲစဉ်မှာ ဒေါ့မွန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ၁၂ မိနစ်နဲ့ ၂၄ မိနစ်တို့မှာ ဂွီရက်ဆီက နှစ်ဂိုးသွင်းယူပေးခဲ့ပြီး မွန်တာရေးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ ဘာတီရာမီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# အမည်မည်းစာရင်း ကြေညာခြင်း

(ယမန်နေ့မှအဆက်)

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသား စိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁၀၂ | MYANMAR MINGXINPACKING MATERIAL COMPANY LIMITED | Moe Moe Aye | Block 1036 A, Hta Min Soape Gone Kwin, No.2/ Ga Gyi& No.41/Ga Gyi,Pike Gyi Well Village Group, Hlegu Township, Yangon | 13/LAYANA(N)185028 |
| | | Zhao Shougong | | E42282105 |
| ၁၀၃ | MYANMAR RECYCLES COMPAMY LIMITED. | HENRY CLEEVE COX | U Aung Kane Street, No.91/ C3 Bahan Township,Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon | E4119572 |
| | | KEVIN MICHAEL MURPHY | | 530457134 |
| | | ZHIPU DIANA WU | | 530986676 |
| ၁၀၄ | MYANMAR YADANAR JASMINE COMPANY LIMITED. | U Chit Khaing | No.(272), Ponnya Street,, Yat Kwet Gyi (2), (45) Ward, Pyin Oo Lwin Township, Mandalay | 9/PAOULA(N)056003 |
| | | U Kyaw Soe | | 9/TATAOU(N)110296 |
| ၁၀၅ | MYANMAR YES COMPANY LIMITED. | | | |
| ၁၀၆ | MYANMAR YI YUCHENG RENEWA-BLE RESOURCES TECHNOLOGY CO., LTD. | Khin Moe Myint | Mya Taung Win Gyee Oo Hmo Street, Warehouse No394 Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon | 13/YASANA(N)002867 |
| | | Li, Sone | | EC1797684 |
| ၁၀၇ | MYANMAR YULIN CO., LTD. | LI ZUOLONG | Kyi Su Industrial Zone, Plot No.(C-10), Myay Taing Block No.(175) Dagon Myo Thit (Seikkan), Yangon | EE6260940 |
| | | TANG JIANMING | | E72646953 |
| | | ZHU YONGKANG | | E96389537 |
| ၁၀၈ | MYAT HTET THU COMPANY LIMITED. | Daw Ei July | Thayet Taw (4) Street, No. (69) Thayet Taw (South) Ward, Kyeemyindaing Township, Yangon | 6/LALANA(N)074744 |
| | | U Soe That | | 6/LALANA(N)063803 |
| ၁၀၉ | MYAT KYAW KYAW COMPANY LIMITED. | U Kyaw Than | No.1/133, Sepin Street, Taung Thar Quarter, Pyinmana Township,, Naypyitaw | 9/PAMANA(N)088116 |
| ၁၁၀ | MYAWADDY WHITE ELEPHANT COMPANY LIMITED. | Daw Hay Mar Phyo | Padauk Street,, No.(3) Quarter, Myawaddy Township, Kayin | 6/KATHANA(N) 043591 |
| | | Daw Phyo Thet Kyaw | | 12/OUKATA(N)166073 |
| ၁၁၁ | MYSICO CONSTRUCTION & TRADING COMPANY LIMITED. | U Saw Rock Son | No(146/L1), Pyay Road Mayangon Township, Yangon Yanshin Road,, Building (24), Room 34, Shwe Ohn Pin Housing (Yankin Palm Village (2)), Yankin Township, Yangon | 12/MABANA(N)083355 |
| ၁၁၂ | N H O COMPANY LIMITED. | U Khin Htwe | Maharbandula Road, Between-30 x 29 Street, No.491, 6-Ward, Pabedan Township, Yangon | 12/THAKATA(N)116441 |
| | | U Khin Maung Latt | | 12/PABATA(N)026253 |
| | | U Myo Htet Oo | | 12/PABATA(N)032566 |
| | | U Shwe Win | | 12/PABATA(N)021705 |
| ၁၁၃ | N.Y.K GLOBAL DIAMOND CROWN COMPANY LIMTIED. | Daw Khin Sabei Aye @ Khatizar Bi Bi | 54th Street, No.(17), 1st Floor Ward No.(2), Pazundaung Township, Yangon | 12/PAZATA(N)004829 |
| | | U Tin Soe | | 12/PAZATA(N)000451 |
| | | U Wai Yan Soe | | 12/PAZATA(N)035743 |
| ၁၁၄ | NAN WAI WAI AUNG TRADING COMPANY LIMITED. | Daw Khin Nan Wai | No.(5), Oo Phee Street, Sanchaung (South) Quarter, Sanchaung Township, Yangon | 14/MAAHPA(N)203071 |
| | | U Htein Win | | 12/KAMAYA(N)036993 |
| | | U Lian Sian Mung | | 5/TAHSANA(N)097239 |
| ၁၁၅ | NATRON (MYANMAR) TRADING COMPANY LIMITED. | Daw Bout Jar. | Thumingalar Road, Between Parami Road & Thitsar Road, No.(993), south Okkalapa Township, Yangon | 13/TAKANA(N)147499 |
| | | U Tin Ko Oo | | 8/PAMANA(N)002597 |
| ၁၁၆ | NEW FUTURE STAR COMPANY LIMITED. | Daw Nan Aye Cho | LA/AH(54), Taung Ni Kwae Street, Pait Swel Quarter, Moegoke Township, Mandalay | 13/MANGANA(N)006497 |
| ၁၁၇ | NGWE THEE INTERNATIONAL COMPANY LIMITED. | Daw Aye Thandar Khaing | Ayar (18) Street, No(819), (NYA) Ward, North Okkalapa Township, Yangon | 12/OUKAMA(N)150079 |
| | | U Win Thu | | 12/OUKAMA(N)150284 |
| ၁၁၈ | NILAR YAUNG CHI COMPANY LIMITED. | U Maung Maung | No(158), (3) Street, (15) Ward, South Okkalapa Township, Yangon | 11/SATANA(N)119513 |
| ၁၁၉ | NYI MIN KHANT TRADING CO.,LTD. | U Aung Ko Latt @ Monarmed Usus | 4th Street, No(94), Zaing North Quarter, Bago | 7/ PAKHANA(N)002169 |
| | | U Hein Htet Aung | | 7/ PAKHANA(N)378345 |
| ၁၂၀ | NYI NAUNG OO MWD COMPANY LTD. | U Saw Nyi Nyi | ASIA Main Road, No. (A), Myawaddy Economic Zone, Myawaddy Township, Kayin State | 3/MAWATA(N)057515 |
| | | U Saw Than Naing Tun | | 3/MAWATA(N)057514 |
| | | U Aung Kyaw | | 13/PHAKHANA(N)081567 |
| | | U Naing Tun | | 9/MAKANA(N)072612 |
| ၁၂၁ | OSS ENGINEERING COMPANY LIMITED. | Daw Naw Nyar Moo | Pyaynawaday Street, 1/36 No.96, Shwepyithar Township, Yangon | 7/KATAKHA(N)076959 |
| ၁၂၂ | PA DA MYARR NYI NAUNG COMPANY LIMITED. | U Ye Min Zin | No. 106, Myothit, Asia Main Road, Thin Gan Nyi Naung, Myawaddi Township, Kayin State | 8/PAKHAKA(N)208046 |
| | | U Kaung Myat Kyaw | | 9/MAKHANA(N)149234 |
| | | U Khin Maung Win | | 3/MAWATA(N)024223 |
| | | U soe Min Lwin | | 3/BAAHNA(N)313829 |
| | | U Min Ko | | 8/PAMANA(N)107574 |
| | | U Aung Naing Oo | | 12/MAWATA(N)041138 |
| | | U Lin Bin Hu @ Win Naing | | 12/LATHANA(N)000309 |

(ဆက်လက်ဖော်ပြပါမည်)

# ပဲတီစိမ်းအထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာခြင်းနည်းလမ်းများ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂**

ပန်းတိုင်အထွက်နှုန်း ရရှိရေး အထွက်နှုန်း ကွာဟချက်များကို ဆန်းစစ် လေ့လာခြင်းဆိုင်ရာ မွမ်းမံသင်တန်းကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း (AERDTC)၌ ယမန်နေ့က စတင်ဖွင့်လှစ်လျက် ရှိရာ ယနေ့သင်တန်း ဒုတိယရက် တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွဋ်က ပါဝင်ပို့ချဆွေးနွေးသည်။

သင်တန်းတွင် ဒုတိယဝန်ကြီး က ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်း ဆိုင်ရာ သဘောတရားအားလူထုအခြေပြု စနစ်ဖြင့် နေပြည်တော်မှစတင်၍ တစ်နိုင်ငံလုံး လူထုလှုပ်ရှားမှုလှိုင်း အသွင်ဖြင့် ဆောင်ရွက်စေနိုင်ရေး နှင့်စပ်လျဉ်း၍ ပို့ချဆွေးနွေးသည်။

ထို့သို့ဆွေးနွေးရာတွင် ဒုတိယ ဝန်ကြီးက ယခုသင်တန်းသည် နေပြည်တော်မှ တစ်နိုင်ငံလုံး အတိုင်းအတာထိ ကျယ်ကျယ် ပြန့်ပြန့် ပို့ချသွားမည်ဖြစ်၍ သင်တန်းမှ ပို့ချချက်များနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှု မှ ရရှိလာမည့်အတွေ့အကြုံများကို အခြေခံပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိရန် စိုက်ပျိုးရေးနည်းပညာ တစ်ခု တည်းကို အာရုံစိုက်ခြင်းထက် တောင်သူဗဟိုပြုချဉ်းကပ်မှု၊ ဒေသ နှင့် လူထုအခြေပြုဖြေရှင်းနည်း များဖြင့် ကျေးရွာအလိုက် ပန်းတိုင် အထွက်နှုန်း ရရှိရေးဆိုင်ရာ ကျေးရွာကော်မတီ ဖွဲ့စည်းကာ နည်းပညာနှင့် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုတို့ကို ပေါင်းစပ်ကျင့်သုံးရန် လိုအပ် ကြောင်း ထည့်သွင်းမှာကြားသည်။

ယနေ့ သင်တန်းတွင် စိုက်ပျိုး ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး တက္ကသိုလ်တို့မှ သင်တန်းဆရာ ဆရာမများကလည်း စပါးအထွက် နှုန်းကွာဟချက် လျှော့ချနိုင်မည့် နည်းပညာ အလေ့အကျင့်ကောင်း များ၊ ပဲတီစိမ်းသီးနှံ၏ အထွက်နှုန်း ကွာဟချက်များကို ဆန်းစစ် လေ့လာခြင်း နည်းလမ်းများ၊ စစ်တမ်းကောက်ယူမည့် မေးခွန်း လွှာများနှင့်စပ်လျဉ်း၍ ဆွေးနွေး ပို့ချကြကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်၌ မြေပဲစိုက်ခင်း၊ နေကြာစိုက်ခင်းနှင့် တောင်သူရေသွယ်မြောင်းတူးဖော်မှု ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဇူလိုင် ၂**

မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးသွားခဲ့သည့် တပ်ကုန်းမြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ဆရာစံရပ်ကွက် မဟာဇနကပရိယတ္တိစာသင်တိုက် မဟာဇနကဗိမာန်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်ရာတွင် မြို့ခံပြည်သူလူထုနှင့်အလှူရှင်များ ပူးပေါင်းကာ သဘာဝဘေးအန္တရာယ်ခံနိုင်အောင် တည်ဆောက်ရေး ရှင်းလင်းမှာကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်း-ဥတ္တရသီရိမြို့ ဆက်သွယ်ထားသည့် တပ်ကုန်းမြို့အတွင်း ကွန်ကရစ်လမ်းဘေး အရိပ်ရသစ်ပင်များ စိုက်ပျိုးမည့်နေရာများ၊ ကွင်းအမှတ်(၂၀၂၀) ဒဟတ်ကုန်းကွင်း၊ ဆင်းပဒေသာမျိုးမြေပဲစိုက်ခင်း၊ ကွင်းအမှတ်(၉၆၄) အင်ပင်ကွင်း၊ ၆၆၆ (RA Ka)မျိုး ဝါစိုက်ခင်း၊ ကွင်းအမှတ် (၁၄၁၆) သာယာအေးကွင်း၊စိုက်ပျိုးရေးတောင်သူများအတွက် ရေသွယ်မြောင်းစက်ယန္တရားဖြင့် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

## “ဝါသီးနှံထုတ်ကုန်တိုးမြှင့်ဖို့ နည်းပညာသုံးစိုက်ပျိုးစို့” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၄၅)ကြိမ်မြောက် လစဉ် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ “ဝါသီးနှံထုတ်ကုန်တိုးမြှင့်ဖို့ နည်းပညာသုံးစိုက်ပျိုးစို့” ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှပညာရှင်များက ဆွေးနွေးသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဝါသီးနှံ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးနည်းစနစ် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝါသီးနှံဖျက်ပိုးများကာကွယ်ရန် အကြံပြုချက်များ၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပန်းတိုင်အထွက်ရရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်ထားရှိမှုနှင့် ကြုံတွေ့ရသည့်အခြေအနေများ၊ ပိုးမွှားရောဂါကျရောက်မှုအပေါ် သုံးသပ်ချက်များ ၊ မျိုးကောင်းမျိုးသန့်နှင့် အရည်အသွေးမီ မျိုးဝါစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ချက်များ၊ သုတေသနနှင့် နည်းပညာ ပေးလုပ်ငန်းများ၊ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးနည်းစနစ်၊ အပင် အာဟာရသုံးစွဲမှုနှင့် သီးနှံ၏ ရေလိုအပ်ချက်များ၊ ဆည်မြောင်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုအခြေအနေများ၊ စိုက်ပျိုးရေရရှိနိုင်မှုနှင့် ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်ဝန်ထမ်းများက ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် အမြဲတမ်းအတွင်းဝန် နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အွန်လိုင်းစနစ်ဖြင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းသုံးသပ် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြ

**သဲကုန်း ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၄) စက်မှုလယ်ယာစခန်းမှ ကူဘိုတာခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ယနေ့နံနက် ၉ နာရီက သဲကုန်းမြို့နယ် တောင်သူဦးသိန်းဇော်ထွန်း၏ စိုက်ကွင်း၌ ပြုလုပ်သည်။

### လေ့လာကြည့်ရှု

သဲကုန်းမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးဆောင်ရွက်မှုအား လက်တွေ့ပြသခြင်းကို ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကိုကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ သဲကုန်းမြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက လေ့လာကြည့်ရှုသည်။

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကြောင့် တောင်သူများအနေဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များ ပြုပြင်ထိန်းသိမ်းမှု လွယ်ကူစိတ်ချရခြင်း၊ ပျိုးပင်များနုတ်ယူရန်မလိုခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမြန်ခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ ကောက်ပင်လှန်ရန် စောင့်ဆိုင်းရန်မလိုခြင်း၊ ပျိုးပင်ပွားမှုနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီတွင် ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေမုဋ္ဌောစေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟိယင်္ဂဏစေတီနှင့် လေးကျွန်းမာရ်အောင်စေတီတို့အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ မဟာဇေတဝန်ကျောင်းတိုက်၊ ရှင်ပင်နန်းဦးကျောင်းတိုက်၊ လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်၊ ပေါင်းလည်ဘုရားနှင့် မဟာစည်းခုံကြီးစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ်ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်ပုရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပါရမီရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)နှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လည်းကောင်း၊ ဂန္ဓာကုဋိတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများအား တပ်မတော်သားများနှင့် အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ကဠုနမဟီရပ်ကွက်များသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ဖြိုဖျက်ရန်ကျန်ရှိသော အဆောက်အအုံများအား အမြန်ဆုံးရှင်းလင်းဖယ်ရှားဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ငလျင်ဘေးဒဏ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျောက်ပန်းတောင်း ဇူလိုင် ၂**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ငလျင်ဘေးဒဏ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်၊ စခန်းမှူး ဒုတိယဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ဝန်ထမ်းများက ငလျင်ဘေးဒဏ်နှင့် ပတ်သက်၍ သဏ္ဌာန် တူရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို သတ်မှတ်အဆင့်အတိုင်း အချိန်နှင့်တစ်ပြေးညီ စုဖွဲ့ဆောင်ရွက်ကြသည်။

ယင်းနောက် မီးငြိမ်းသတ်အဖွဲ့၊ ရှာဖွေကယ်ဆယ်ရေး အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဌာနဆိုင်ရာများမှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၄၅၀၀၀၀ ကို သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်များက လက်ခံရယူကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင် များ၊ မြို့မိမြို့ဖလုပ်ငန်းရှင်များ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းနှင့် ဆရာ ဆရာများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၅၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သဲသဲ**

# မော်ဘီမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မော်ဘီ ဇူလိုင် ၂**

နည်းပညာတက္ကသိုလ်(မော်ဘီ)၊ မော်ဘီခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက နည်းပညာတက္ကသိုလ်(မော်ဘီ)တွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**စုပေါင်းစိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲတွင် နည်းပညာတက္ကသိုလ်(မော်ဘီ)ပါမောက္ခချုပ် ဒေါက်တာကေသီလွင်၊ မော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်၊ မော်ဘီခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင်(၂) ဦးဝင်းစိုး၊ နည်းပညာတက္ကသိုလ် (မော်ဘီ)မှ ဆရာ ဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် နည်းပညာတက္ကသိုလ်(မော်ဘီ)မှကျောင်းသားကျောင်းသူ ၄၀၀ ကျော်တို့က ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ ပိတောက်၊ မဟော်ဂနီ စသည့် ပျိုးပင်ပေါင်း ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား လက်နက်ခဲယမ်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိ

ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား တွေ့ရစဉ်။


အချုပ်တရားခံ ဇွန်ပွင့်လှိုင်


ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ ချစ်ဇင်လင်း(ခ) စောအယ်ထူး


ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သီဟသူ


ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သုခပြည့်စုံ(ခ) ဖိုးခွား


ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သူရဝင်း


ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ အောင်စန်းမိုး(ခ)ပေါင်မုန့်

နေပြည်တော် ဇူလိုင် ၂

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့မ ရဲစခန်း၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)ဖြင့် ဖမ်းဆီးထားသည့် အချုပ်တရားခံ ဇွန်ပွင့်လှိုင် (၃၀) နှစ် (ဘ) ဦးလှမင်းအား ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက် ညပိုင်းတွင် ကျောက်ကပ်ရောဂါ အရေးပေါ် ကုသရန် အမှတ် (၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သပြေအထူးကု ဆေးခန်းသို့ ပို့ဆောင်ပေးပြီး အပြန် လှိုင်သာယာ (အရှေ့ပိုင်း) ဝင်ရောက်ဆေးဝယ်ကာ ပြန်ထွက် မြို့နယ်ရှိ Ocean Center သို့ လာစဉ် ကားပါကင်အနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စောင့်ကြိုပစ်ခတ်ခဲ့ရာ ဆေးခန်းသို့ လိုက်ပါပို့ဆောင်သည့် ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ကျည်များထိမှန်၍ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး အချုပ်တရားခံ ဇွန်ပွင့်လှိုင်အား ခေါ်ဆောင် ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ အချုပ်တရားခံနှင့် ခေါ်ဆောင် ထွက်ပြေးသွားသူများအား အမြန်ဆုံး ပြန်လည်ဖမ်းဆီးရမိနိုင်ရေးအတွက် ပိတ်ဆို့ရှာဖွေမှုများပြုလုပ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ (၆)လမ်းသွားလမ်းဆုံနေရာ၌ ဇွန်ပွင့်လှိုင် အပါအဝင် ရဲလုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဘားအံမြို့နယ် တောင်ဝိုင်းကျေးရွာနေ ချစ်ဇင်လင်း(ခ) စောအယ်ထူး (၃၈)နှစ် (ဘ) ဦးစိန်မင်းနှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၁၃) ရပ်ကွက်နေ သီဟသူ (၂၃)နှစ် (ဘ) ဦးဘိုဘိုသူ တို့ကိုလည်းကောင်း၊ စစ်ပင်ကွင်း ကျေးရွာအနီး သန်လျင် - သုံးခွကားလမ်းရှိ စစ်ပင်ကွင်း ကားမှတ်တိုင်၌ ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာနေ သုခပြည့်စုံ (ခ)ဖိုးခွား (၂၀)နှစ် (ဘ) ဦးနေထွန်း၊ လှည်းကူးမြို့နယ် ရိပ်သာ ရပ်ကွက်နေ သူရဝင်း (၃၅)နှစ် (ဘ) ဦးသန်းဇော်နှင့် မှုံရွာမြို့နယ် မြို့သစ်ရပ်ကွက်နေ အောင်စန်းမိုး (ခ) ပေါင်မုန့် (၂၂)နှစ် (ဘ) ဦးမိုးသီး တို့ကိုလည်းကောင်း၊ ပစ္စတိုနှစ်လက်၊ ကျည်မျိုးစုံ ၄၃ တောင့်၊ ကျည်အိမ်သုံးခု၊ လက်ပစ်ဗုံးလေးလုံးတို့နှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အချုပ်တရားခံ ဇွန်ပွင့်လှိုင် အပါအဝင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် PDF အမည်ခံ အကြမ်းဖက်သမား ခြောက်ဦးကို တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်


ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများနှင့် တရုတ်အမျိုးသားနှင့်အတူပေါင်းသင်းရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူများနှင့် အမျိုးသားနှင့်အတူ ပေါင်းသင်းရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့်အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ်နေ မ-----၊ ၂၅/၂၀၂၅ နှစ်ကို တစ်ရပ်ကွက်တည်းနေ ခါကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဆမားဒူးဝါး(၃/ခ) ရပ်ကွက်နေ စန်းစန်းနွဲ့(ခ)စန်းစန်း(ခ)မအေးတို့က တရုတ်ယောကျ်ားယူပါက ငွေကျပ် သိန်း ၆၀ ခန့်ရမည်၊ ကလေးတစ်ဦး မွေးပေးပြီး ပြန်လာလိုပါက ပြန်လာ၍ရကြောင်း စည်းရုံးပြောဆိုပြီး မြစ်ကြီးနားမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောကျ်ားထံ ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားနယ်မြေရဲစခန်း (ပ) ၂၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် မြစ်ကြီးနားခရိုင်တရားရုံးမှ တရားခံ စန်းစန်းနွဲ့(ခ)စန်းစန်း(ခ)မအေး အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ဆယ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ ခါကြီးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုးအလုပ် လုပ်ကိုင်နေသည့် မ-----၊ ၁၇/၂၀၂၅ နှစ် ကို ဆိုင်သို့လာရောက်လေ့ရှိသူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၅)ရပ်ကွက်နေ ထွေးထွေး(ခ)ချင်းချင်း(ခ)တရုတ်မက တရုတ်အမျိုးသားတစ်ဦးနှင့် တစ်ပတ်၊ ၁၀ ရက်ခန့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပေးပါက ငွေကျပ်သိန်း(၅၀)ခန့် ရရှိမည်၊ တရုတ်အမျိုးသား ရန်ကုန်မြို့သို့ ရောက်ရှိလာသည့်အချိန်မှသာ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပေးရမည်၊ အသက်ပြည့်ပါက ငွေကျပ်သိန်း ၁၅၀ ဖြင့် တရားဝင် တင်တောင်းပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားမည်၊ တရုတ်အမျိုးသားမှ လိုအပ်သလို ထောက်ပံ့ပေးသွားမည်ဟု စည်းရုံးပြောဆို၍ တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ပဲခူးမြို့ အမှတ်(၃)နယ်မြေ ရဲစခန်း (ပ) ၂၇၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်တွင် ပဲခူးခရိုင်တရားရုံးမှ တရားခံ ထွေးထွေး (ခ)ချင်းချင်း(ခ)တရုတ်မ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးလေးကျေးရွာနေ ဦး-----၊ ၃၈/၂၀၂၅ နှစ် အား တစ်ရပ်ကွက်တည်းနေ မပပ က ဖျာပုံမြို့နယ် မြစ်တန်းကျေးရွာရှိ စက်လှေပေါ်တွင် ပိုက်ထောင် သည့်အလုပ်အား လုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်း ငွေနှစ်သိန်းကျပ်ခန့်ရမည်၊ ၎င်းကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ မိုးမင်းဝင်း(ခ)ငမိုးထံပို့ဆောင်ပေးခဲ့ကြောင်း၊ မိုးမင်းဝင်း(ခ)ငမိုးမှ "ဖြိုး"ရေစင်သို့ ပို့ဆောင်ပေးခဲ့သဖြင့် ငါးဖမ်းသင်္ဘောပေါ်တွင် ခြောက်လကျော်ခန့် အလုပ်လုပ်ကိုင်ခဲ့ရကြောင်း၊ လုပ်အားခ ထုတ်ယူချိန်တွင် မရရှိဘဲ မိုးမင်းဝင်း(ခ)ငမိုးမှ လုပ်အားခ ငွေကျပ်၁၀ သိန်းကို ကြိုတင်ခေါင်းပုံဖြတ် ထုတ်ယူသွားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်း (ပ) ၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မှော်ဘီခရိုင် တရားရုံးမှ ဇွန် ၃၀ ရက်တွင် တရားခံ မိုးမင်းဝင်း(ခ)ငမိုး အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မပပ အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂


အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Myat Noe Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ကျန်စစ်သား ရပ်ကွက်နေ ဟသ်ာမြင့်(ခ)မြတ်နိုးသူအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Soe Win Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၁၈) ရပ်ကွက်နေ စိုးဝင်းဇော်(ခ)ကောင်လေး(ခ)ဗိုလ်ဇော်အား ည ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆ : ၃၀ နာရီအချိန်ကို အခြေခံ တွက်ထုတ်ထားသည့် ၃-၇-၂၀၂၅ ရက်နေ့မှ ၆-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဇူလိုင် ၂

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော



ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အမှတ်(၂၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ခေတ္တစုမှူး ဒုရဲမှူး အောင်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ၊ ဘေးတွဲမောင်းသူများအား ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျီစုအရှေ့ကျေးရွာ ဖြဟ္မဝိဟာရတိုက်ကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာအမှတ်(၂၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ခေတ္တစုမှူး ဒုရဲမှူး အောင်ဇော်ထွန်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆိုင်ရာ လိုက်နာရမည့် အခြေခံအချက်များကို ရှင်းလင်းပြောကြားခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်းအမှတ်အသားတို့၏ အရောင်များနှင့် အဓိပ္ပာယ်များအကြောင်း၊ စက်ဘီး / ဆိုင်ကယ် မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ၊ ယာဉ်ထိန်းလက် အချက်ပြအကြောင်း သရုပ်ပြ ရှင်းလင်းခြင်း၊ ဆိုင်ကယ်စီးဦးထုပ်၏ ကောင်းကျိုးများ အကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



## ဒေါပုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ယမုံနာလမ်းမကြီးတစ်လျှောက်ရှိ ရေတပ်ဝင်းရှေ့၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်၊ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးထက်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အရိပ်ရပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆက်လက်ဆောင်ရွက်ကြရာ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ အမှိုက်များ၊ ချုံနွယ်များနှင့် ခြင်ပေါက်ပွားနိုင်သည့် နေရာများကို စုပေါင်းသန့်ရှင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားမှုများ ကွင်းဆင်းစစ်ဆေး

လှည်းကူး ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး



ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပညာပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ လှည်းကူးမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

တပ်ကုန်း ဇူလိုင် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြစိုးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာသင်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့်ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များစုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၄**

ဦးတိုးဝင်းဦး နှင့် ဒေါ်လှမြင့်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ အနော်မာလမ်းမကြီးနှင့် (၂၁)လမ်းအနောက်၊ အမှတ်(၃၀)နေ ဒေါ်လှမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတိုးဝင်းဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကျွေးမွှအိမ်ရာ၊ တိုက်(၆)နေထိုင်သူ Mr. Li (ခ) ဦးအောင်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေငြာအပ်ပါသည်-

((DR)Diamond River Iron Art No (494), Industrial (8) Street, 144 Quarter, East Dagon Industrial Zon (Ywar Thar Gyi), Yangon 095028687, 09 5066043, 098628816, 09420052833) ရှိသံပန်းသံတံခါးလုပ်ငန်းသည် Mr. Li (ခ) ဦးအောင်မင်း တစ်ဦးထဲ ပိုင်လုပ်ငန်းဖြစ်ပြီး အဆိုပါ လုပ်ငန်း (Logo) ၏ အမှတ်တံဆိပ်အောက်၌ အခြားသောဖုန်းနံပါတ်များ ထည့်သွင်းပြီး အလုပ်လက်ခံခြင်းများ ပြုလုပ်ဆောင်ရွက်ပါက Mr. Li (ခ) ဦးအောင်မင်း မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်သည့်အပြင် အလွဲသုံးစားပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဝင်းသီတာမော်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၁၂)
ဖုန်း - ၀၉ ၂၅၃၉၉၅၄၄၈၊ ၀၉၇၅၁၄၈၀၈၆၈

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဝဏ္ဏဟန်[၁၄/ဓနဖ(နိုင်)၁၁၀၄၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးဝဏ္ဏဟန်သည် ၎င်းအား ဦးနေဝင်းထွန်း (ဘ) ဦးမြင့်ဝင်း [၁၂/အစန(နိုင်)၀၆၈၀၁၀]မှ ရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၂၅-၁-၂၀၂၃) ရက်စွဲပါစာချုပ်အမှတ် (၁၅၉၂) ဖြင့် လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါရှိသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းအိဇာ (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၂၇)**
**ဖုန်း-၀၉-၈၉၃၅၁၄၅၆၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စျ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၀)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၂-လမ်း၊ ၁၃၄ လမ်းx ၁၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖိုးပါ [၉/မနမ(နိုင်)၀၄၂၈၁၂]က အမှုတွဲအမှတ် (၀၈၅၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၄၊ မြေကွက်အမှတ်-၁၁ ဟုခေါ်တွင်သော (၄၀ ပေ x ၆၀ ပေ)အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်ဆန်းအမည်ပေါက် ပါမစ်မြေကွက်အနက် မြေကွက်အမှတ်-၁၀ နှင့်ကပ်လျက်(၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်-၁၁ ဟုခေါ်တွင်သော(RC)တစ်ထပ်တိုက်၊ ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့ကို ဦးစိုင်းသကြ်န်ထွန်း[၁၄/ဒဒရ(နိုင်)၁၆၂၂၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေဇင်ကျော်(ဘ)ဦးဝင်းစိန်[၁၂/ကခက(နိုင်)၀၆၇၁၉၁]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဖော်ပြပါမြေနှင့် အိမ်အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက(၁၇-၇-၂၀၂၅)ရက်နေ့ မတိုင်မီ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက ဖော်ပြပါမြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကေဇင်ကျော်**
**၀၉-၄၂၀၁၅၆၉၄၇**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝေလင်းငွေး (LL.B, DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၈၄၁၈/၁၂)**
**အမှတ် - ၅၆၁၊ ပထပ်၊ အခန်း(၁၀၁/၂)၊**
**MAC TOWER ၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၉၀၉၈၊ ၀၉-၇၆၅၀၉၉၀၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၉)လမ်း၊ အမှတ်(၁၂)ပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ(၅-လွှာ/ဘီ)၊ (တိုက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၁၅'x၅၀')ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်ညွန့်ညွန့် အမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ (မိခင်)ဒေါ်ညွန့်ညွန့်နှင့် (ဖခင်)ဦးကိုလေး(ကွယ်လွန်)ပြီးနောက် သား၊ သမီးများဖြစ်ကြသော ဒေါ်မိမိကြီး[၇/ရဘန(နိုင်)၀၇၉၁၄၈]၊ ဦးမောင်မောင်ကြီး[၅/စကန(နိုင်)၀၂၆၃၆၁]၊ ဦးညီညီ[၆/ထဝန(နိုင်)၀၃၈၈၂၈]၊ ဦးထွန်းထွန်း[၈/မကန(နိုင်)၁၀၈၄၇၂]၊ ဦးမိုးကျော်ကျော်[၈/မကန(နိုင်)၁၆၈၁၅၀]၊ ဒေါ်မိမိစံ[၁၂/မဂတ(နိုင်)၀၂၂၆၁၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကြသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B) (စဉ်-၈၇၉၂)**
**တရားလွှတ်တော်ရှေ့နေ**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင်(LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်- ၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း (အလယ်ဘလောက်)၊ အမှတ် (၁၁၆)၊ ဒုတိယထပ်၊ (၃-လွှာ)၊ အကျယ်အဝန်း (၂၅ ပေx၅၀ပေ)ရှိ လူနေတိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေစက်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းရီ [၁၂/အစန(နိုင်)၀၂၈၄၀၄] အပါအဝင် မောင်နှမ(၅)ဦးတို့မှ မောင်နှမများ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၂-၆-၂၀၂၅)ရက်နေ့တွင် “နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်”ကို ချုပ်ဆိုပြီး တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးနိုင်၏ တရားဥပဒေဆိုင်ရာ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးသီဟသန်းနိုင်(L L.B, D.B.L)** | **ဒေါ်ခင်ဖြူဖွေးသန့်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၀)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၄၀၁)** |

**အမှတ်(၇၉)(စီ/ဒီ)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၁၅၀၇၄၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၂၀)ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေအကျယ် (၄၁x၆၀)ပေ၊ ဧရိယာ(၀.၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးလှသိန်း [၁၂/ဗဟန(နိုင်)၀၃၃၇၉၈]မှ အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပြုံးရီ [၁၃/ကမန(နိုင်)၀၃၇၃၉၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်ခင်ပြုံးရီ**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/သုဝဏ္ဏ၊ မြေကွက်အမှတ်-၇၆၊ မြေကွက်တည်နေရာအမှတ်-၁၉၁၊ အင်ကြင်းမြိုင်လမ်းသွယ်၊ ၂၃-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးသိန်းထွန်း [၁၂/ဗဟန(နိုင်)၀၇၈၁၀၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း (ဖခင်)နှင့် ဒေါ်နယ်လီသန်း(မိခင်)တို့ ကွယ်လွန်ပြီး မွေးဖွားသား/သမီး(၄)ဦးအနက် သားကြီးဖြစ်သူ ဦးမျိုးဇော်ထွန်းသည် သာသနာ့ဘောင်သို့ဝင်ရောက်ပြီး ဦးပညာသာရဘွဲ့အမည်ဖြင့် အမည်ပေါက် ဖခင်ထက်စော၍ အသီးသီးကွယ်လွန်သွားကြပါသည်။ ဦးမျိုးဇော်ထွန်း၏ ပိုင်ဆိုင်မှုအစုအတွက် အမွေမဲ့မီ မြေးဖြစ်သူ ဒေါ်အေးမြတ်မွန်ထွန်း [၁၀/ဘလန(နိုင်)၀၉၁၉၄၇]နှင့် အမည်ပေါက်၏ ကျန်သား/သမီးများဖြစ်ကြသော ဦးသန့်ဇင်ထွန်း [၁၂/ဗဟန(နိုင်)၀၇၈၁၀၅]၊ ဦးဦးထွန်း[၁၂/ဗဟန(နိုင်)၀၈၅၉၄၅]၊ ဒေါ်မာမာထွန်း [၁၂/ဗဟန(နိုင်)၀၈၃၈၇၆]တို့နှင့် ပူးတွဲ၍ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် မြေး/သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ-၆/၁၃၆၈/၂၀၂၅ (၂၀-၆-၂၀၂၅)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်
## MYANMAR SEAFARERS FEDERATION

### (၆)ကြိမ်မြောက် အလုပ်အမှုဆောင် ရွေးချယ်တင်မြောက်ခြင်း ကြေညာချက်

(၆)ကြိမ်မြောက် အလုပ်အမှုဆောင် ရွေးကောက်တင်မြောက်ခြင်းအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် အဖွဲ့ချုပ် တည်ရှိရာ အမှတ်(၅၃)၊ (၃၇)လမ်းမြေညီထပ်၊ ကျောက်တံတားမြို့နယ် (စာပေဗိမာန်အနီး)တွင် နံနက်(၁၀) နာရီမှ ညနေ(၄)နာရီအတွင်း ကျင်းပရာ၌ ထိုရက်၊ ထိုအချိန်ကာလတွင် ဆန္ဒမဲပေးရန် အဆင်မပြေသူများ အနေဖြင့် ကြိုတင်ဆန္ဒမဲအားပေးနိုင်ရန်အတွက် အသင်းဝင် အသင်းသားကဒ်နှင့်တကွ အဖွဲ့ချုပ်ရုံးသို့ ဇူလိုင်လ (၇)ရက်နေ့မှ ဇူလိုင်လ (၁၈) ရက်နေ့အတွင်း နေ့လည် (၁၂)နာရီမှ (၃)နာရီ အကြား ကြိုတင်ဆန္ဒမဲထည့်ဝင်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ရွေးချယ်တင်မြောက်ရေးကော်မရှင်

ရုံးဖုန်း။ (၉၅) ၄၀၀၀၆၆၇၀၂ ၊ ၀၁-၈၃၈၁၅၉၂ ၊ ၀၁-၈၃၉၂၀၇၆ ၊ ၀၁-၈၃၉၅၈၂၀
အီးမေးလ်။ msf.myanmar@gmail.com, info@myanmarseafarers.org

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၆)၊ လူနေရပ်ကွက်အမှတ်(၉)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၆၀၁)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကေသီလွင်အမည်ဖြင့် တရားဝင်အမည်ပေါက်ထားပြီး အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးရှိန်[၁၂/မဘန(နိုင်)၀၁၃၃၀၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၂၁၂)** | **(စဉ်-၅၆၅၆၆)** | **(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၅)၊သန္တာ ၂ လမ်း၊မြေကွက်အမှတ်(၇၄၂)၊အကျယ်အဝန်း(၄၂ပေ×၆၀ပေ)ရှိ ဒေါ်အေးမြတ်မွန်(၁၂/သဃက(နိုင်)၀၄၁၇၃၀) အမည်ပေါက်နှစ်၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များအားအရောင်းအဝယ်စာချုပ်အရပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးညီညီလင်း(၁၂/တတန(နိုင်)၀၉၀၈၆၁)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ဗြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ် (၉၁၆/ခ)၊ ကျွန်းရွှေဝါလမ်း၊ (၅၄)ရပ်ကွက်၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဦးအောင်သိန်း [၁၂/လမန(နိုင်)၀၄၆၅၇၁]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၁၀ x ၆၀)ပေရှိသော ပါမစ်မိတ္တူခြမ်း မြေကွက်ကို အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်အေးအေးနွယ် [၁၂/လမန(နိုင်)၀၀၃၅၃၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်လှမျိုးသူဇာ [၁၂/ဒဂမ(နိုင်)၀၃၀၃၃၁]က အပြီးအပိုင်ဝယ်ယူရန်အတွက်(၂၇-၆-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လူနေရပ်ကွက်အမှတ်-တိုးချဲ့(၂)၊ အလောင်းဘုရားလမ်းသွယ်(၁)၊ အမှတ် (ABZ-၃) ဟုခေါ်တွင်သော (ဒေါ်ရွှေရွှေမြ၊ MGE-005469 အမည်ပေါက်) အလျား (၄၀)ပေ x အနံ (၆၀)ပေ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရင်ရင်သန်း [၁၂/မဘန(နိုင်)၀၁၂၇၄၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်စိမ်းစုစုကျော် [၁၂/ဥကမ(နိုင်)၂၁၃၈၆၉]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်တစ်စိတ်တစ်ဒေသကို (၂၈-၆-၂၀၂၅)ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်သူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိမ်းစုစုကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အောင်အောင်အေး (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၃၉/၁၄-၆-၂၀၁၈)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၃၃၄၆၁၊ ၀၉-၉၄၅၃၅၆၄၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၁၂၅)ဟုခေါ်တွင်သော မြေအလျား×အနံ(၄၀×၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်ဟေမန်ချမ်းငြိမ်း** (၁၂/မဂတ(နိုင်)၀၈၆၉၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ် စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## တင်ဒါခေါ်ယူခြင်း

၁။ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် မင်ဘူးများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင် အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်းအဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံတစ်စုံလျှင် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ၄-၇-၂၀၂၅ ရက်နေ့မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ရှိ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ ၁၈-၇-၂၀၂၅ ရက်နေ့ ညနေ (၁၆:၀၀)နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဋ္ဌေးကြွယ်(က)ရပ်ကွက်၊ သူဋ္ဌေးလမ်း၊ အမှတ်(၈)နေ အဖ ဦးမျိုးခင်၏သား ဦးကိုကိုသန့်စင် [၁၂/တမန(နိုင်)၀၈၉၄၂၃] နှင့် သဃ်န်းကျွန်းမြို့နယ်နေ အဖဦးဘရင်၏သမီး ဒေါ်ဇင်နွယ်မိုး[၁၂/ရကန(နိုင်)၀၅၃၃၀၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ဦးကိုကိုသန့်စင်နှင့် ဒေါ်ဇင်နွယ်မိုးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၆-၆-၂၀၂၅) ရက်နေ့တွင် ဂုဏ်သရေရှိ အသိသက်သေများရှေ့မှောက်၌ "အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း၊ သားအတွက်အုပ်ထိန်းခြင်းနှင့် ပစ္စည်းခွဲဝေမှုဆိုင်ရာ နှစ်ဦးသဘောတူ ကတိစာချုပ်"ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများ ရှေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q), LLM (2nd year)(Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇ (အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဋ္ဌေးကြွယ်(က)ရပ်ကွက်၊ သူဋ္ဌေးလမ်း၊ အမှတ်(၈)နေ ဦးကိုကိုသန့်စင် [၁၂/တမန(နိုင်)၀၈၉၄၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်ဇင်သန့် [၁၂/သဃက(နိုင်) ၁၉၄၀၇၇] သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရဝင်း**
**B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q),**
**LLM (2nd year)(Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇ (အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၈၂၄)ဟုခေါ်တွင်သော (အလျား၄၀ x အနံ၆၀) ပေရှိ ဒေါ်မြင့်မြင့်ထွန်း [၁၂/ဥကတ(နိုင်)၀၅၄၀၁၂]အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်တော်ဝယ်ယူသူ ဦးမောင်သိန်း [၁၀/မလမ(နိုင်)၀၁၂၀၂၀]သည် ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများနှင့် သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်သိန်း**
**[၁၀/မလမ(နိုင်)၀၁၂၀၂၀]**
**ဖုန်း-၀၉-၂၅၃၂၅၆၂၀၆၊ ၀၉-၉၆၅၁၂၆၉၁၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဧ)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၁(A) လမ်း၊ ၁၀၁(B)x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးဝေဠု [၁၄/ပသန(နိုင်)၀၄၁၃၈၅]က အမှုတွဲအမှတ်(၀၈၂၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ ခိုင်သဇင်လမ်းပေါ်ရှိ ဦးကျော်ကျော် (N/OKA-083442) အမည်ပေါက်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ/၁၁)၊ မြေကွက်အမှတ် (၂၁၃/က) (၂၀x၆၀ပေ)မြေကွက်နှင့် ဦးထွန်းကြည် (YDN-801491) အမည်ပေါက် မြေတိုင်းရပ်ကွက်အမှတ် (သကမ/၁၁)၊ မြေကွက်မှတ်(၂၁၃/ခ)၊ (၂၀x၆၀)ပေမြေ(၂)ကွက် (ပါမစ်မြေ)အား နောက်ဆုံးပိုင်ဆိုင်သူ ဦးမျိုးသန့် [၁၂/စခန(နိုင်)၀၆၇၅၈၁]ထံမှ ကျွန်မဒေါ်အေးအေးမာ[၁၂/ခရန(နိုင်)၀၅၀၃၃၄]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာချုပ်စာတမ်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမာ**
**[၁၂/ခရန(နိုင်)၀၅၀၃၃၄]**
**ဖုန်း-၀၉-၇၇၇၁၁၇၁၅၅၊ ၀၉-၇၉၅၇၂၆၆၉၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် ကိုယ်ထူကိုယ်ထအိမ်ရာချထားရေးကော်မတီမှ အိမ်ရာအဆင့်သတ်မှတ်ထားသော မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တိုးချဲ့(၄)၊ မြေကွက်အမှတ်-ကဈ(၁၈) ဦးအေးဆန်း (TKI-090571) အမည်ပေါက်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်-တိုးချဲ့(၄)၊ မြေကွက်အမှတ်-ကဈ( ၁၉) ဦးကျော်ထွန်း(ISN-128055)အမည်ပေါက် အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)စီရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်-ကဈ(၁၈+၁၉)၊ ထာဝရ(၁)လမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** (၂၇-၁-၂၀၂၂)ရက်စွဲပါ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူ **ဦးမျိုးသန့်[၁၂/မဘန(နိုင်)၀၀၅၂၃၀]**နှင့် **ဒေါ်ယုယုမော်[၁၁/စတန(နိုင်)၀၆၁၉၁၇]** တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/အပိုင်း-၂)၊ ဦးပိုင်အမှတ်(၆၉)၊ ၃၇ လမ်းနှင့် ငွေတချောင်းလမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးဝင်းညွှန့်၊ ဦးစိုင်းအောင်ဇော်မင်းတို့ထံမှ မှတ်ပုံတင်အရောင်းအ ဝယ်စာချုပ်အမှတ်(၈၁၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးဇေယျာလွင်[၉/မဟမ(နိုင်)၀၁၂၄၇၉]၊ ဒေါ်မေသဥ္ဇာစိုး[၉/ကဆန(နိုင်)၁၅၃၇၇၅]တို့က အမှုတွဲအမှတ်(၀၈၄၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လသာလမ်း၊ (၂) ရပ်ကွက်၊ အမှတ်(၁၁)နေ ဦးမင်းသူအောင် [၁၂/လသန(နိုင်)၀၀၆၄၆၉]ကိုင် ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးမင်းသူအောင်နှင့် ဒေါ်မြတ်နိုးခင်တို့သည် (၈-၄-၂၀၁၆)ရက်နေ့တွင် တရားဝင်လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပြီး မောင်ဖြိုးသီဟနိုင်အမည်ရှိ သားတစ်ဦး မွေးဖွားခဲ့ပါသည်။ ဒေါ်မြတ်နိုးခင်သည် (၆-၁-၂၀၂၁)ရက်နေ့တွင် မည်သည့်အကြောင်းရင်း တစ်စုံတစ်ရာမရှိဘဲ ဦးမင်းသူအောင်၏ မိဘအစ်မများ၏ ရွှေထည်များ (၇၀)ကျပ်သားနှင့် ငွေသိန်း(၅၀)တို့ကို ယူဆောင်ကာနေအိမ်မှ ဆင်းသွားပြီး သားဖြစ်သူ မောင်ဖြိုးသီဟနိုင်ကိုလည်း ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ အဆက်အသွယ် တစ်စုံတစ်ရာမရှိတော့သည်မှာ ယနေ့တိုင်ဖြစ်ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသူအောင်နှင့် ခင်ပွန်းဖြစ်သူအား စွန့်ပစ်သွားသော ဒေါ်မြတ်နိုးခင်တို့သည် မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း၊ ၎င်းဒေါ်မြတ်နိုးခင်နှင့် ပတ်သက်သမျှအရာအားလုံးကိုလည်း ကျွန်ုပ်မိတ် ဆွေ ဦးမင်းသူအောင်မှ တာဝန်ယူဖြေရှင်းပေးသွားမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးပြည့်ငြိမ်းအောင် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၁၅၅/၂၀၀၉)**
**ဖုန်း-၀၉-၈၈၄၂၄၆၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သဲကျွန်းအနောက်ရပ်၊ မြေကွက်အမှတ် (ဥသ-၂၀၀၁)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်၏အမည်ပေါက် ဦးတင်အောင် အဖအမည် ဦးညိမ်းမောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မဂတ(နိုင်)၀၁၈၇၅၅] ကွယ်လွန်သွားသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းသန်းမြင့် အဖအမည် ဦးစံမြင့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဂတ(နိုင်)၀၁၈၁၃၃]မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၈၈၄/၂၀၂၅) မူရင်း၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေကွက်အမှတ် ( ဥသ-၂၀၀၁ ) ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ထ/၄၃၊ လူနေရပ်ကွက်အမှတ်- (၁၆)၊ ချင်းတွင်းရွှေပြည်လမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ မြေကွက်အမှတ် (၃၄၇/က)၊ အကျယ်အဝန်း (၂၀ × ၆၀)ပေရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းယုခိုင် (၁၂/ရပသ(နိုင်) ၁၀၈၂၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဝင်း (၇/မညန(နိုင်)၀၅၅၀၆၁)က အပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၈၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဘုရင့်နောင် (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ ကုံကော်လမ်းသွယ် (၃)၊ မြေကွက်အမှတ် (က/၁၂-အေ)၊ အကျယ်အဝန်း (၂၀ × ၆၀) ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်သိန်း (၁၂/လမတ(နိုင်) ၀၀၆၃၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နီခိုင် (၁၁/မအန(နိုင်)၀၂၄၉၁၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၉-၈၇၄၀၀၀၁၉၃၊ ၀၉-၄၅၄၅၄၅၂၂၁

**ရွှေရန်ကုန် အိမ်ခြံမြေ**
**ရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
**Ph:09687150389**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၀)၊ ဦးပိုင်အမှတ်(၁၀+၁၁ က)၊ ၇၀ လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကေသီတင် [၁၂/ရကန(နိုင်)၀၂၈၀၁၄]က အမှုတွဲအမှတ်(၀၈၃၆/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၈/၁)၊ ဦးပိုင်အမှတ်-၁၊ ၃၇ လမ်း၊ ၅၉ လမ်းနှင့် မြို့ပတ်မီးရထားသံလမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဗိုလ်မှူးသန်းစိုး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်အုန်းရီ [၁၃/ကတန(နိုင်)၀၁၀၈၇၆]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မအိမ့်မြတ်ချယ် [၇/ကပက(နိုင်)၁၀၈၈၀၆] (အဖ-ဦးကျော်စိုးအောင်)နှင့် ကိုအောင်ကိုကို [၇/ကပက(နိုင်)၀၉၁၈၀၃] (အဖ-ဦးမြင့်ဦး)တို့ လက်ထပ်ပေါင်းသင်းသော ၂၀၂၀-ပြည့်နှစ်မှ ယခု ၂၀၂၅-ခုနှစ်ထိ ကိုအောင်ကိုကိုမှ မအိမ့်မြတ်ချယ်အား ဇနီးမယားအဖြစ် လင့်ဝတ္တရားနှင့်အညီ ပြုစုလုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ခြင်းမရှိသည့်အပြင် ၂၀၂၂ -ခုနှစ်မှစ၍ သီးခြားစီ နေထိုင်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မအိမ့်မြတ်ချယ် သိရှိသဘောတူညီမှုမရှိသော ကိုအောင်ကိုကို၏ ပြုမူဆောင်ရွက်မှုများသည် မအိမ့်မြတ်ချယ်နှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေရီကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၁၁)**
**အမှတ်-၅၆၅၊ အခန်း-၁၀၃၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၇၃၂**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေကုံ့ကော်(၄)လမ်း၊ အမှတ်(၅၈၁)၊ အကျယ်(၄၀'x၆၀') ပါမစ်အမည်ပေါက် ဒေါ်လှလှကြည်၏ မြေကွက်အနက်မှ (ဘယ်ခြမ်း) အကျယ်(၂၀'x၆၀')ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာရွှေ [၉/မနမ(နိုင်)၀၈၇၁၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲအောင် [၁၂/ဥကမ(နိုင်)၁၈၃၈၉၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာအုပ်စု၊ ၃၈၁-ဒေးပါလဘုရားကွင်း၊ ဦးပိုင်အမှတ် (၁၀၇)၊ ဧရိယာ (၀.၁၃)ဧက၊ ဂရန်ပိုင်ရှင် ဦးဘသိန်းအမည်ပေါက်မြေအား မြေစာရင်းပုံစံ-၁၀၅ မူရင်းအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသော မြေခွန်ပြေစာအမည်ပေါက် လျှောက်ထားသူ ဦးမောင်မူ [၁၂/ဒပန(နိုင်)၀၀၀၉၄၁]မှ လိုအပ်သော စာရွက်စာတမ်းများနှင့် ဂရန်အမည်ပြောင်း လုပ်ငန်းစဉ်များအား ဆက်လက်လုပ်ဆောင်တော့မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျသော ခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါဝင်သည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အထက်ပါလုပ်ငန်းဆောင်တာများအား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မူ [၁၂/ဒပန(နိုင်)၀၀၀၉၄၁]**
**အမှတ်(၁၆၀၇-ခ)၊ သလ္လာဝတီ (၃)လမ်း၊ (၁၄)ရပ်ကွက်၊**
**(၁၀-တောင်)၊ သာကေတမြို့နယ်။ ဖုန်း - ၀၉-၂၆၄၄၄၉၉၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၊ မြေကွက်အမှတ်-၆၆၂၊ ၁၂၅၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၆၆၂)၊ သုမိတ္တာလမ်း၊ (၁)ရပ်ကွက်၊ ဒေါ်ဝါဝါအောင် (N/OKA-၀၈၂၉၃၉)၊ ဦးမြင့်သန်း (BHN/E-၀၀၄၁၉၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်များဖြစ်ကြသည့် ဒေါ်ဝါဝါအောင် (N/OKA-၀၈၂၉၃၉)၊ ဦးမြင့်သန်း (BHN/E-၀၀၄၁၉၃)တို့ကိုယ်တိုင်မှ (၂၀၀၅) ခုနှစ်တွင် လျှောက်ထားထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ အာမခံအဖြစ်ထားရှိခြင်းများမရှိသည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်- ၅၁၇/၂၀၂၅/ ၁၉-၃-၂၀၂၅၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတမ်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျရောက်သော ကရင်နှစ်သစ်ကူးအမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ဘင်္ဂလားဒေ့ရှ်ကို အရေးနိမ့်ပြီး ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းပါး

ရန်ကုန် ဇူလိုင် ၂

၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဂ) ဒုတိယနေ့ကို ဇူလိုင် ၂ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီး ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းပါးသွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စုတွင်း အင်အားအကြီးဆုံး ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ခြေစစ်ပွဲအောင်မြင်ရေး အရေးပါသည့်ပွဲယှဉ်ပြိုင်ရာတွင် အနိုင်မကစားနိုင်သဖြင့် ခြေစစ်ပွဲအဆင့်မှ လှည့်ပြန်ရန် နီးစပ်သွားပြီဖြစ်သည်။ အုပ်စုထိပ်ဆုံးရပ်တည်မှုရတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သောကြောင့် မြန်မာအသင်းသည် အိမ်ကွင်း၌ ဘင်္ဂလားဒေ့ရှ်အသင်းကို အရေးနိမ့်သဖြင့် ဘာရိန်းအသင်းနှင့်ကစားရန် ကျန်သေးသော်လည်း ဘင်္ဂလားဒေ့ရှ်အသင်းသာ နောက်ဆုံးပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်ပါက ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ☆




မြန်မာအသင်းတိုက်စစ်မှူး မြတ်နိုးခင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဘင်္ဂလားဒေ့ရှ်အသင်း ဂိုးသမားကာကွယ်နေစဉ်။

**ယနေ့ ဖတ်စရာ**

**လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား လက်နက်ခဲယမ်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

**ပဲခူးတိုင်းဒေသကြီး၌ ဇွန်လအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆ သိန်း တိုးတက်ဝင်ရောက်ခဲ့**

စာမျက်နှာ » ၁၆

## MFF ဖူဆယ်လိဂ်-၁ ခြေစစ်ပွဲတွင် SGF အသင်း နှစ်ပွဲဆက်နိုင်ပြီး လိဂ်-၁ တွင် ကစားခွင့်ရရှိ

ရန်ကုန် ဇူလိုင် ၂

MFF ဖူဆယ်လိဂ်-၁ ခြေစစ်ပွဲ ဒုတိယနေ့ကို ဇူလိုင် ၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ SGF အသင်း နှစ်ပွဲဆက်အနိုင်ရပြီး လိဂ်-၁ တွင် ကစားခွင့်ရရှိခဲ့သည်။

ဒုတိယနေ့တွင် SGF အသင်းက JZ Yangon အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Gold Dream အသင်းက ဖူဆယ်ချစ်သူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အုပ်စုဒုတိယနေ့အပြီးတွင် ခြောက်မှတ်ရထားသည့် SGF အသင်းက ခြေစစ်ပွဲအောင်မြင်ရန် သေချာသွားပြီး Gold Dream အသင်းက သုံးမှတ်၊ ဖူဆယ်ချစ်သူအသင်းနှင့် JZ Yangon အသင်းက တစ်မှတ်စီရရှိထားသည်။


အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Gold Dream အသင်းနှင့် JZ Yangon အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒေ့ါမွန်အသင်းတို့ ဗီဖာကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တက်လှမ်း

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒေ့ါမွန်အသင်းတို့ဟာ ဇူလိုင် ၂ ရက်နံနက်ပိုင်းက ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်ပွဲစဉ်မှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ဖီဖာကလပ်ကမ္ဘာ့ဖလားကို အများဆုံးစံချိန်တင်ဆွတ်ခူးထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ၁၆ သင်းအဆင့်မှာ ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျူဗင်တပ်အသင်းကို ဒုတိယပိုင်း ပွဲကစားချိန် ၅၄ မိနစ်မှာ ရရှိခဲ့တဲ့ ဂွန်ဇာလိုဂါစီယာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ နည်းပြအလွန်ဆိုရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဖီဖာကလပ်ကမ္ဘာ့ဖလားကွာတား ဖိုင်နယ်အဆင့်မှာ စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❖



ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။